

**၂၀၀၆ ခုနှစ်၊ စာပေဗိမာန် စာမူဆု**

ကဗျာပေါင်းချုပ် ပထမဆုရ

**ပန်းတိုင်လမ်းနှင့် အခြားကဗျာများ**

ရေးသူ - ရွှေမြိုင်ပြုံးလွဲ့မော်


အဖ ဦးဘကြူ၊ အမိ ဒေါ်လှခင်တို့မှ ၁၉၄၇ ခုနှစ်တွင် မွေးဖွားသည်။ ပညာရေးဘွဲ့ B.Ed ရရှိသည်။

၁၉၆၂ ခုနှစ်မှစ၍ ဂျာနယ်၊ မဂ္ဂဇင်းများတွင် ကဗျာများ စတင်ရေးသားခဲ့သည်။ မူးယစ်ဆေးဝါးပပျောက်ရေးစာပေပြိုင်ပွဲ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာပေပြိုင်ပွဲ၊ တပ်မတော်နေ့အထိမ်းအမှတ် စာပေပြိုင်ပွဲ၊ အမျိုးသားရေးဆောင်ပုဒ် စာပေပြိုင်ပွဲ၊ ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် စာပေပြိုင်ပွဲတို့ တွင် စုစုပေါင်း ဆု (၈) ကြိမ် ရရှိခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် "ဆည်းလည်း ချြသံ" ကလေးကဗျာစာအုပ်နှင့် ၁၉၈၄ ခုနှစ်တွင် "ပန်းလက်ာအိမ်" ကဗျာများ စာအုပ်တို့ကို ရေးသားထုတ်ဝေခဲ့သည်။

ယခုအခါ အထက်တန်းပြဆရာမအဖြစ် လုပ်သက်ပင်စင်ယူပြီးနောက် ကဗျာများဆက်လက်ရေးသားလျက်ရှိသည်။


အမည်ရင်းမှာ ဒေါ်မြင့်မြင့်ကြူ ဖြစ်သည်။

နေရပ်လိပ်စာ - အမှတ် ၂၀ (က)၊ အရေးပိုင်ကုန်းလမ်း၊
စစ်ကဲတန်းရပ်၊ မော်လမြိုင်မြို့။

**၂၀၀၆ ခုနှစ်၊ စာပေဗိမာန်စာမူဆု**

ကဗျာပေါင်းချုပ်

ပထမဆုရ

# ပန်းတိုင်လမ်းနှင့် အခြားကဗျာများ

## ရွှေမြိုင်ပြုံးလဲ့မော်

စီစဉ်တည်းဖြတ်သူ - ဦးစန်းတင့် (တက္ကသိုလ် ဆန်းတင့်နိုင်)
စာတည်း

အဖုံးပန်းချီ - အောင်သန့်

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၀၈ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ – ၁၀၀၀

တန်ဖိုး ( ၄၀၀ ) ကျပ်

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း

စာပေဗိမာန် စာတည်းမှူးချုပ် ဦးမောင်လှိုင် (မောင်ဆွေငယ်)က

မှတ်ပုံတင်အမှတ် (၀၇၄၉၂) ဖြင့် ပုံနှိပ်၍

မှတ်ပုံတင်အမှတ် (၀၃၉၁၁) ဖြင့် ထုတ်ဝေသည်။

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ❖ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ❖ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ❖ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ❖ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ❖ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မာတိကာ


| စဉ် | ကဗျာခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၁။ | ပန်းတိုင်လမ်း | ၁ |
| ၂။ | မြန်မာ့စိတ်ရင်း ချစ်ခြင်းသက်သေ | ၂ |
| ၃။ | သူကောင်းတရား | ၃ |
| ၄။ | ဆလို ပင်လယ်ပျော် | ၆ |
| ၅။ | လေ | ၈ |
| ၆။ | အရေးအကြီးဆုံး | ၉ |
| ၇။ | တို့ချစ်သည့် ပုဂံ | ၁၁ |
| ၈။ | မင်းလှခံတပ် သူရဲကောင်း | ၁၄ |
| ၉။ | တောင်းဆု | ၁၆ |
| ၁၀။ | လိုင်းဗားနုလုံးသား | ၁၇ |
| ၁၁။ | ခြယ်သပါဦး | ၁၈ |
| ၁၂။ | တောတိုးခြေသံ | ၁၉ |
| ၁၃။ | ပုံပမာ | ၂၁ |
| ၁၄။ | အားကစားဂုဏ်ရောင် | ၂၂ |
| ၁၅။ | ပါရမီဖြည့်ဘက် | ၂၃ |
| ၁၆။ | ပျိုတို့ယာနှင့် နဖူးစာ | ၂၄ |

| | |
|---|---|
| ၁၇။ နွေမော်ကွန်း | ၂၅ |
| ၁၈။ တောရွာ ဝါကျွတ်ပွဲ | ၂၇ |
| ၁၉။ လက်၏ ဒသန | ၂၉ |
| ၂၀။ ဘုရားစုံဖူးမလေ မွန်ဌာနေ | ၃၀ |
| ၂၁။ လွှမ်းမြိုင်နန်း | ၃၃ |
| ၂၂။ မေတ္တာနိဂုံး | ၃၄ |
| ၂၃။ မြန်မာမှုနှင့် မြန်မာ့မောင်း | ၃၆ |
| ၂၄။ ရဲရောင်ပြောင်ဝင်း | ၃၈ |
| ၂၅။ အလောင်းမင်းတရား | ၃၉ |
| ၂၆။ မနေ့ ယနေ့ မနက်ဖြန် | ၄၂ |
| ၂၇။ ခေတ်ခါမီ | ၄၃ |
| ၂၈။ အခွင့်အရေး | ၄၄ |
| ၂၉။ ခြံစည်းရိုး ကြက်ဆူပင် | ၄၅ |
| ၃၀။ စာဆိုနှစ်ဦး၏ ကျေးလက်ကဗျာ | ၄၆ |
| ၃၁။ အလှည့်အပြောင်း | ၄၉ |
| ၃၂။ ကံဟူသည် | ၅၀ |
| ၃၃။ ရေကျော် ရေနက်ကွင်း | ၅၁ |
| ၃၄။ ကျေးဖူးတုံ့ဆပ် မမေ့အပ် | ၅၃ |
| ၃၅။ အလင်းပြစာကြည့်တိုက် အမှတ်တရပွဲ | ၅၅ |
| ၃၆။ ကိုးခရိုင် စိမ်းစို | ၅၇ |
| ၃၇။ တို့ပြည် တို့လမ်း တို့အောင်ပန်း | ၅၉ |
| ၃၈။ ထာဝစဉ် ပီတိ | ၆၁ |
| ၃၉။ တကူ ကူး ကူ | ၆၂ |
| ၄၀။ မြားတစ်စင်း၏ အင်အား | ၆၃ |
| ၄၁။ အိုးရောင်းတယ်ခင် | ၆၄ |
| ၄၂။ ကဗျာသို့ တိုင်တည်မိခြင်း | ၆၆ |
| ၄၃။ တို့ရင်ထဲက မြတ်ဆရာ | ၆၇ |
| ၄၄။ ပန်းနှင့် လူ | ၆၈ |
| ၄၅။ ရှင်သန်မှု | ၆၉ |
| ၄၆။ ထူးသည့်အိပ်မက် ပန်းတစ်ခက် | ၇၁ |
| ၄၇။ မြကန်သာ | ၇၃ |
| ၄၈။ နိယာမ | ၇၄ |
| ၄၉။ သည်ပြည် သည်မြေ သည်လေ သည်ရေ | ၇၅ |
| ၅၀။ ကျောက်ဆည်နယ်မှ ဆင်အက | ၇၇ |
| ၅၁။ တို့တိုင်းပြည် | ၇၉ |
| ၅၂။ ခါကာဘိုရာဇီ သက်သေတည် | ၈၁ |
| ၅၃။ လရာသီပန်း ရိုးရာပွဲ | ၈၃ |
| ၅၄။ အတိတ်အရိပ် | ၈၅ |

၅၅။ လွတ်လပ်ပန်း ပွင့်လန်းထာဝစဉ် ၈၇
၅၆။ မွေးရပ်မြေသို့ သမင်လည်ပြန် ၈၈
၅၇။ ကဗျာဆရာ ၉၀
၅၈။ လက်ကျန်ခရီး ၉၁
၅၉။ ခဏ ရနိုင်သလား ၉၃
၆၀။ လှတဲ့ပျော်ပွဲ ၉၅
၆၁။ ဘဝအခိပ္ပာယ် ၉၇

# ပန်းတိုင်လမ်း

ပုံရိပ်များစွာ
အတိတ်မှာကျန်၊ ပဲ့တင်သံနှင့်
နက်ဖြန်ခရီး၊ အရေးကြီး၏
မနီးကွေ့ကောက်၊ ရှေ့ဆက်လျှောက်မည့်
သွေ့ခြောက်ဆူးပွမ်း၊ ခယောင်းလမ်းသည်
ကြမ်းတမ်းဒုက္ခ၊ ခက်ခဲလှလည်း
သီလခိုင်မြဲ၊ သတ္တိဖွဲ့ဖြင့်
ရဲရဲလျှောက်အံ့၊ မကြောက်တူရူ
ရှေ့ကိုမူ၍၊ ကိုယ်ထူကိုယ်ထ
ရင့်ကျက်မှတော့၊ ပန်းလျှမငြိး
ဘယ်ဘေးဆီးစေ၊ ကိုယ့်မီးကိုယ့်ဆီ
ကိုယ့်ချည်ကိုယ့်အပ်၊ မပြတ်သီကာ
အပေါက်ဖာမှ၊ သိက္ခာလုံမှု
ရိုးသားမှုဖြင့်၊ ယခုမဖင့်
ခါမလင့်မီ၊ ကိုယ်ကျင့်တရား
စိတ်ကောင်းထားပြီး၊ ညခရီးဆို
မီးအိမ်ဆီဝ၊ အလင်းပြမို့
တက်ကြွရွှင်လန်း၊ ကြိုးစားလှမ်းမည်
ပန်းတိုင်ဆီသို့ ရောက်သည့်တိုင်။ ။



# မြန်မာ့စိတ်ရင်း ချစ်ခြင်းသက်သေ
# (ရှစ်လုံးဖွဲ့)

စွန့်လွှတ်စွန့်စား၊ ပြည်သားမြန်မာ
ဖြောင့်မတ်ရိုးသား၊ သနားတတ်တာ
တွင်းပြင်ရန်မီး၊ တားဆီးကွယ်ကာ
အမျိုးထိ–သတ္တိရဲရင့်စွာ။

ဘာသာတရား၊ လေးစားရိုသေ
ခက်ခဲအောင်နှောက်၊ မကြောက်ဘူးလေ
ရမ္မက်မကြီး၊ ကိုယ့်စည်းကိုယ်နေ
မေတ္တာနှင်း–ချစ်ခြင်းပုံသက်သေ။

လက်တွဲရင်းနှီး၊ သွေးစည်းကြရာ
လမ်းနှင့်တံတား၊ ဆည်များတည်ကာ
တောင်ပေါ်မြေပြန့်၊ ခြေဆန့်မြန်စွာ
ပြည်ထောင်ဝှမ်း–ငြိမ်းချမ်းလွှန်သာယာ။ ။

# သူကောင်းတရား

မှိုင်းမှိုင်းပျပျ၊ စိတ္တကုဋ္ဌတောင်
စိမ်းညို့မှောင်သည်၊ ဆောင်နန်းမြို့နယ်
တောရိပ်လယ်မှာ၊ ဟင်္သာကိုးသောင်း
စည်းလုံးကြောင်းဖြင့်၊ သောင်းသောင်းသဲသဲ
သင်းမကွဲပါ၊ ရဲသည့်စိတ်ဓာတ်
မြတ်သည့်နှလုံး၊ သူတော်ထုံးဖြင့်
ဖုံးအုပ်သည်းခံ၊ မိတ်ပေါင်းရံလျက်
ပျော်စံတက်ကြွ၊ 'ဓတရဋ္ဌ' မင်း
ဟင်္သာမင်း၏၊ အလင်းတရား
နာကြားခံယူ၊ အကျင့်ဖြူသည်
တူတူပုံျသန်း၊ ဟောဝန်နန်းဝယ်။

ပြည်ဗာရာတွင်၊ တော်ဝင်ဘုန်းခ
ဒါနမျိုးစေ့၊ မမေ့ရှင်သန်
သံယမ မင်း၊ ချစ်သည်းနှင်းထား
မိဖုရား ခေမာ၊ ရွှေဟင်္သာ၏
ဓမ္မာစကား၊ တရားနှုတ်ချို
ကြားမှတ်လို၍၊ ကြာညိုသင်းလှိုင်
ခေမာအိုင်မှာ၊ လာသမျှကျေး
ဘေးမဲ့ပေးလျက်၊ ကျွေးမွေးရွေးရွေး



သလေးစပါး၊ လာ၍စားရန်
ပျော်ပါးလေ့ထ၊ ဆင်းသက်ကြသည်
ဒုက္ခဘေးကို မမြင်ရှာ။

တစ်နေ့သောခါ
ဟင်္သာမင်းမှာ၊ ကြမ္မာကံဆိုး
ကျော့ကွင်းတိုးငြိ၊ မုဆိုးကိုမြင်
လွတ်ချင်စိတ်ဇော၊ ရင်မှာမောစဉ်
စောကြောတွေးဆ၊ ဒုက္ခစောင့်စည်း
သည်းခံပြီးလျှင်၊ နာကျင်ဝေဒနာ
အရေကွာလျက်၊ စီးဖြာသွေးပြိုက်
အသည်းခိုက်လည်း၊ တစ်သိုက်ဝမ်းစာ
ကျန်ဟင်္သာတို့၊ ပြည့်ကာလောက်ငှ
စားပြီးကြမှ၊ ခံရအောင့်အည်း
သံပြုညည်းသော်၊ ဟည်းဟည်းညံညံ
ကျယ်လောင်သံကြောင့်၊ ကြောက်ပုံျထွက်ပြေး
ရပ်အဝေးသို့၊ မပြေးသောသူ
စိတ်ရင်းဖြူသည့်၊ စစ်သူကြီး 'သုမုခ'
တွေးဆဆင်ခြင်၊ သစ္စာရှင်ကား
ဝံ့စားမကွာ၊ သတ်စေရာတည့်
ချမ်းသာမှီတွဲ၊ ဆင်းရဲအတူ
သေမှုမကွာ၊ ဆရာကျေးဇူး

မြတ်ဂုဏ်ထူးကို၊ ဦးတင်ကော်ရော်
အဖော်နေမြဲ၊ မပျံ့ဘဲလေ။

သူကောင်းတရား၊ နာကြားမြတ်နိုး
မုဆိုးသည်ပင်၊ အသိယှဉ်၍
သခင်ကောင်းကျွန်၊ ကျွန်ကောင်းသခင်
ချစ်ကြင်ကြည်ဆွတ်၊ ကျော့ကွင်းလွှတ်ကာ
ဝမ်းသာပေါက်မြောက်၊ မင်းထံရောက်သော်
ဖူးလျှောက်စုံလင်၊ ရွှေအင်းပျဉ်ထက်
စံလျက်ခစား၊ ပျားပေါက်ပေါက်များ
ဝမ်းဖြည့်စားပြီး၊ ဘုရားလောင်းမင်း
ဟင်္သာမင်းကား၊ တရားစည်ရွှမ်း
နတ်လမ်းညွှန်လာ၊ ဆုံးမကာလျှင်
ခင်ပွန်းကောင်းမှန်၊ အကြောင်းဖန်က
သည်းခံသတ္တိ၊ သစ္စာရှိသင့်
ရဲရင့်ညွတ်နူး၊ ဂုဏ်ကြွယ်လူးသည့်
ကျေးဇူးဝါစာ၊ ချိုမြပါ၍
ကြည်သာချမ်းမြေ့ အဝှမ်းတည်း။ ။



# ဆလုံ ပင်လယ်ပျော်

'ဟိန်းခဲ' နှင့် 'လမ်ပိရှာ'
'ဇာဒက်ကြီး' 'မလိကျွန်း'။
သာမောဖွယ် စိမ်းစိုလန်းတယ်
ကမ်းနဲ့ သောင်ထွန်း။

မိုးရောက်လျှင် လှိုင်းတွေအော်
ကျွန်းပေါ်မှာခြေချ။
မိုးကုန်လျှင် ပင်လယ်ထွက်
ဝမ်းဆက်ပါရ။

နေ့ဘက်ဆို ရေကျ
ညရောက်တော့ ရေတက်ပြန်။
မျှောတိုင်ရှည် တဲအိမ်ကုပ်က
လှုပ်လီ လှုပ်ဟန်။
လင်းကြက် တွန်ကျူးညံ
လှိုင်းပုတ်သံ တဖျပ်ဖျပ်။
ဆလုံ ပင်လယ်ပျော်တို့
မမေ့အယူ မသွေနော်
ဓလေ့တူ ရွှေဖော်များနှင့်
နေပျော်သတတ်။

ရေငုပ်လည်း ကျွမ်းကျင်ကာ
ငှက်သိုက်ခွာ ကျောက်ပွင့်ခြစ်။
ဖျာရက်ကာ မြှုံးထောင်ပြီး
နှီး ဓနိ ပျစ်။

ရေပြင်ကျယ် သူ့ဝမ်းစာ
ပင်လယ်ပြာ သူ့ဘဝ။
ကမ်းခြေ အပန်းဖြေ
'ကဗန်းလှေ' များဖြင့်
မနားပျော်စွ။

ခရုရှာ မျှော့ဖမ်း
ဂဏန်းနှိုက် မုတ်ကောင်ခွာ။
တစ်ကျွန်းမှ တစ်ကျွန်းသို့
ကူးသန်းသွားလာ။
သစ်ထွင်းလှေ အတတ်ပညာ
စီးပွားရှာ ဝင်ငွေပွား။
ပုလဲရတနာနှင့်
ကမာ၊ ခရင်းကောင်ပေါလှသည့်
မြိတ်ကျွန်းညို ပင်လယ်တစ်ကြောမှာဖြင့်
ဝမ်းသမုဒ္ဒရာ လွှန်ကျယ်ပြောတာမို့
မောတတ်နိုင်အား။ ။



# လေ

ပြတင်းတံခါး၊ ဖွင့်၍ထားစဉ်
တိုးလွှားဖြန့်ရွေ၊ နံ့သာလေ။

အမေပြေဆေး၊ ရင်ထဲအေးအောင်
ပေးဆောင်တတ်ပေ၊ ပန်းသင်းလေ။

ဝန်းကျင်စိမ်းအောင်
လိမ်းသခြယ်ဆင်၊ ခင်တဲ့လေ။

ငုံတံစွင့်၍
ဖူးပွင့်ဝေဆာ၊ ဖြာတဲ့လေ။

သီးခိုင်ကြီးဖို့
ဖွံ့ဖြိုးဝါရွှေ၊ ဝေတဲ့လေ။

လေရှိမှပင်၊ အသက်ရှင်ကာ
သတ္တဝါတို့၊ လူ့ရွာကောင်းကျိုး
သယ်ပိုးထိုထို၊ အလျှိုလျှိုနှင့်
သူ့ကိုမြတ်နိုး၊ သူ့ကောင်းကျိုးလည်း
ဘေးဆိုးမသမ်း၊ မညစ်ညမ်းအောင်
စွမ်းဆောင်နိုင်ဖို့ လိုပေသည်။ ။

# အရေးအကြီးဆုံး

လူတွေဟာ
မှန်စွာမပြော၊ မုသားနှောကြ
သဘောပုပ်သိုး၊ အမြင်ဆိုးနှင့်
ခိုးကြောင်ခိုးဝှက်၊ မရှက်မကြောက်
ရှေ့ဆက်လျှောက်ရာ
ပျောက်ဆုံးလမ်း၊ အနန္တနှင့်။

လူတွေဟာ
ပြင်မှာလှလှ၊ အတွင်းကတော့
ပုံပြကာမှီး၊ ကျီးအာသီးပေါ့
ခေတ်ကြီးကပင်
အပြင်အဆင်၊ အထင်ကြီးကြ။

လူတွေဟာ
ချမ်းသာအိတ်ဖောင်း၊ စိတ်ပြောင်းတတ်တယ်
တကယ်ဆင်းရဲ၊ သူ့အကဲဆ
အဲဒါဇကန်၊ အဖြေမှန်၏။

လူတွေဟာ
ပြောလာတစ်မျိုး၊ လုပ်တစ်မျိုးနှင့်
အချိုးပြောင်းပြန်၊ ဖြစ်တတ်ပြန်ရော
လောဘသားကောင်၊ မုဆိုးရှောင်ရင်း
ထောင်ချောက်ထဲတိုး၊ ကိုယ်ကျိုးနည်းရ
ဝမရှိဘဲ၊ ဝိလုပ်တတ်သေး။



လူထဲကငါ
ဤမှာတစ်ပါး၊ ဘယ်အစားလဲ
စဉ်းစားတွေးခေါ်၊ အပေါ်နှုတ်ချို
အတွင်းသိုဝှက်၊ မလိုမုန်းထား
မျက်မပွားဘဲ၊ သနားကူမ
စိတ်လှလူလှ၊ အားလုံးလှလျှင်
ဘဝပီပြင်၊ နေပျော်ရွှင်စွ
လူပီသဖို့ အရေးအကြီးဆုံး။ ။

# တို့ချစ်သည့် ပုဂံ

အရိမဒ္ဒန
သီရိပစ္စယ
တမ္ပဝတီ။
ရွှေပေါက္ကံ ပုဂံပြည်
အောင်မြေသနင်း။
တရားဖက်ကာ အားသွက်လို့
ဓားထက်ခဲ့ခြင်း။

အရည်းကြီးဆို သုတ်သင်ပစ်
အမြစ်ပါမကျန်။
ပုဂံသူ ပုဂံသား
စိတ်ထား အယူမှန်။
ဆည်မြောင်း ကျောင်းကန်
တန်ဆောင်းပုံနှင့် ကောင်းမှုအပေါင်း။
ဇာတိမာန် ပြန်လည်မှန်းလို့
လွမ်းမိပါကြောင်း။

ဇီး (ဆီး)၊ ကုက္ကို၊ မန်ကျည်း၊ ထန်းနှင့်
ပုဂံလမ်း သည်နေရာ။
ဗူးဘုရား, စူဠာမဏိ
ဓမ္မရာဇိက, အာနန္ဒာ။



မဥ္ဇူသက နတ်ပန်းလှာ
လောကနန္ဒာ လေချိုမွှေး။
ပုဂံမြေ အားမာန်အသစ်နှင့်
မြစ်ဧရာ တေး။

ဆံတော်ရှင် ဓာတ်တော်အောင်း
ကျောင်းဘုရား ကနုတ် ပန်းချီ။
ပန်း မှန်ကူ ကြာမုံရွ
တင့်လှပဟန်ထည်။
တမာနှင့် ထနောင်းဆီ
လွမ်းတေးသီတဲ့ ရွှေညသြ။
ငှက်ပစ်တောင် အုတ်ရိုးမတ်
ရင်သပ်ရှုမော။

မြစေတီ, ဂူပြောက်ကြီးနှင့်
မီးမလောင်ကျောင်း ကန်တော့ပလ္လင်။
လေးမျက်နှာ သရပါတံခါး
လှုပ်ရှားထွက်ဝင်။
လေး မြား လုံ တင်
ပြည်တစ်ခွင် စည်ကား။
အနော်ရထာ, မင်းကျန်စစ်ရယ်
ပြည်ချစ်သူ ကိုယ်ပိုင်အချင်းနှင့်
သာသနာ ထိန်ထိန်လင်းလို့
ဝင်းခဲ့တကား။

ရွှေစည်းခုံ ညောင်ဦး
ထူးလှ ဂုဏ်အင်။
မနူဟာ သဗ္ဗညု
ထုက မျက်မြင်။
ယဉ်ကျေးမှု ခံ့ခံ့ထင်
အားမာန်ဆင်တဲ့ ပုဂံသွေး။
အညာနေ သဟာဆွေနှင့်
အညာမြေ အညာရန့်မှာ
ဆွတ်ပျံ့ဖွယ်လေး။

ပြုစုသမျှ ဆန်းပေသနဲ့
အနုသုခုမ ပန်းတွေ။
ပုဂံမြေ တစ်ရံရှေးက
ဘိုးဘေးအမွေ။
ထိန်းသိမ်းလို့ စောင့်ရှောက်ပေ
အစွန့်ရှည် တည်တံ့ရေး။
တကောင်းသာကီ အခြေအမြစ်ပေလ
အကြောင်းအခါညီ အမွေအစစ်တွေမို့
ချစ်ကြတယ်လေး။ ။



# မင်းလှခံတပ် သူ့ရဲကောင်း

တမာ ထနောင်း၊ အညာဆောင်းက
အားကောင်းမောင်းသန်၊ ချီတက်ဟန်နှင့်
တန်ပြန်ဖိတ်ဖိတ်၊ မျိုးချစ်စိတ်ကို
အတိတ်လှစ်ဟ၊ ဖော်ညွှန်းပြသော်
မင်းလှခံတပ်၊ ကြံ့ကြံ့ရပ်လျက်
ဂုဏ်ဒြပ်သိက္ခာ၊ ထည်ဝါစွာကို
မြင်ကာမျှဖြင့် သိနိုင်ပြီ။

ဗြိတိသျှရန်၊ နယ်ချဲ့ပြန်တော့
သယံဇာတ၊ ပေါကြွယ်ဝသည့်
လှပသောမြေ၊ ငါတို့ပြည်ကို
ဝေမျှလိုလား၊ ရမ္မက်ပွားး၍
တရားမသိ၊ ဓားမရှိဘဲ
ထိပါးကျူးစွက်၊ ရက်စက်ယုတ်မာ
စစ်ထိုးလာ၍၊ မြန်မာတိုင်းသား
မျိုးချစ်များသည်၊ ဓားလှံကိုင်စွဲ
လေးမြားဆွဲ၍၊ ရဲဝံ့စွန့်စား
မင်းသားကနောင် ဦးဆောင်စီမံ
အကြံဉာဏ်ကြောင့်၊ ခံတပ်ကတုတ်
ပေါင်းစုလုပ်၍၊ အုတ်အုတ်ကျည်ကျည်
စစ်ဗာရီအား၊ မထီမဲ့ထေး
အသက်ပေးကာ၊ မနှေးတက်ကြွ

ကာကွယ်ကြသည်
မင်းလှခံတပ်၊ ပြည့်သားမြတ်နှင့်။

'ထူးပေါက်' 'ငွေးချောင်း'၊ ခံတပ်ကောင်းကို
အားကောင်းနည်းကောင်း၊ လက်နက်ကောင်းနှင့်
ချောင်းမြောင်း စစ်ရှူး၊ ဗျူဟာဦးကာ
ဘယ်ညာဒိန်းဒိန်း၊ အမြောက်ဟိန်းစဉ်
တိမ်းရှောင်တိုးချဉ်း၊ တို့သားချင်းတို့
အံတင်း တောက်ခေါက်၊ ဇီဝိန်ပျောက်ကြ
အောက်ကျို့ မခ၊ ဦးမချပါ
'မင်းလှခံတပ်'၊ ချစ်သားမြတ်ကား
မတ်မတ်ညှပ်ပိတ်၊ ဖျာမလိပ်ပေ
သိပ်သိပ်ခဲခဲ၊ ရဲရဲထန်ထန်
မျိုးချစ်မာန်ဖြင့်၊ ခုခံတိုက်ခိုက်
မျက်ဖြူဆိုက်လည်း၊ မငိုက်သစ္စာ
မျိုးမြန်မာ၏၊ ဇာတိပုည
ဂုဏ်မာနကား၊ လွှားလွှားရဲရဲ
မလျှော့ခဲ့ကြောင့်၊ အမြဲထွန်းပ
မော်ကွန်းခသော
မင်းလှခံတပ်၊ ပြည့်သားမြတ်တည်း။ ။



# တောင်းဆု
## (လွမ်းချင်း)

ထင်တရေးငယ်နှင့်
ကြင်ရေးငဲ့ မျှော်ရှာ
ခင်လေးကွဲ့ ဖော်ကွာသည်
ခေါ်ကာ အပျိုတစ်သိုက်ငယ်နှင့်
ရေအိုး ကိုယ်စီပိုက်လို့
တေးအလိုက်ကယ် တညံ့ညံ့
ပျော်ဟန်ဖွဲ့တော့တယ်လေး။

ပျို့မောင်ကြီးလေ
ရန်သူတွေချေမှုန်း၊ စစ်ချီတုန်းမို့
တန်ဆောင်မုန်းလည်း ပေါ်မလာ
မျှော်ကာသာလွမ်း၊ တောင်တန်းပြာပြာ
ပိတောက်ဝါပွင့်ဖူး သည်တန်ခူး
ရည်စူးမိပြန် လွမ်းဖို့ဖန်တော့တယ်
နိုင်ငံအကျိုး၊ အမျိုးချစ်သူ
သဘောဖြူအူစင်း၊ ရဲရင့်ခြင်းဂုဏ်
ပြည့်စုံလုံလောက်၊ သဘောပေါက်ကဲ့
နောက်ဆံမတင်း
ကောင်းသတင်းဖြာဝေ
ပန်းသပြေ ညောင်ရေလောင်းလို့
မာစေကြောင်း တောင်းဆုပန်လေး။ ။

# လိုင်ဗားနှလုံးသား

တောင်ပေါ်တောင်ခါး၊ တောင်နံပါးထက်
လက်ဖက် လိမ္မော်၊ သစ်တော် ပန်းခင်း
ရေသွင်းရေဖျန်း၊ စိမ်းစိုလန်းလျက်
လမ်းပန်းဖြာဖြာ၊ အခွင့်သာပြီ
ဝေဆာတောင်ဆလပ် ချင်းတို့မြေ။

'လိုင်ဗား ရေလှောင်တမံ'
ကန်၏အလှ၊ ပန်ရသည်
တင့်လှသာမော၊ တောနှင့်တောင်စွယ်
ချောင်ကွယ်မြောင်ကွေ့၊ ဘယ်မမေ့အောင်
ဇော့ယမ်းဆီးကြို၊ ပွင့်လင်းချိုသည်
လေပျိုကသွေး၊ ပန်းကမွှေး။

'ဟားခါး' 'ထန်တလန်'၊ 'စီကျန်' 'ထန်ကျုံး'
မြို့နယ်လုံးသို့၊ မှုန်းခြယ်စွမ်းအား
လိုင်ဗားရေအား၊ နှလုံးသားရင်း
တံတားခင်း၍၊ အလင်းဖြန့်ဝေ
အမှောင်ခွေခွဲ၊ သူ့မြေမြတ်နိုး
သူ့ဆွေမျိုးတို့၊ တိမ်ခိုးတောင်ငွေ့
ချင်းဓလေ့ကို၊ မမေ့သည်သာ
ဖွံ့ဖြိုးလာခဲ့၊ တောင်ပြာညခင်း
လမင်းနှင့်ပြိုင်၊ အလင်းဆိုင်လျက်
တစ်နိုင်တစ်ကျေး၊ တစ်ပိုင်မွေးကာ
တစ်သွေးတစ်သား၊ ပေါင်းစုအားကြောင့်
လိုင်ဗားကိုမြင်၊ ကျေးဇူးတင်သည်
ရေလျှဉ်မနား၊ နှလုံးသားလျှင်
နှင်းများထက်ပင်၊ ဖြူလျက်အစဉ်။ ။



# ခြယ်သပါဦး

ငွေမိုးရယ်မှ ဖြိုင်ဖြိုင်
မြေသင်းနံ့ တစ်ကြိုင်ကြိုင်နှင့်
စံပယ်လှိုင်လှိုင် ဖူးပြီပေါ့
ကြည်နူးမိ အခါခါ။

ဂျိုး ဂျိမ်း ဂျိမ့် ညံ
ရှာယောင်ဟန် မိုးသံပေးတယ်လော့
မြင်မြင်ရာ ဘဝင်အေးပါဘိ
တေးနိမိတ်တွေနှင့်
အေးရိပ်ဆာယာ။

မိုးမရွာ
လွန်ဆွဲကာ မိုးခေါ်ကြောင်းရယ်ပါ့
ရေကောင်းလျှင် ပျိုးပင်အောင်မှာမို့
ပင်ထောင်တွေ ဘယ်ညာယိမ်းကာဖြင့်
မြစိမ်းရောင် ကမ္ဗလာအခင်းတွေနဲ့
မြစ်တွင်းမှာ သစ်ဖောင်မျှောနေကြ
ယာတောမှာ ဘယ်မမောနိုင်ဘု
လယ်တောမှာ လယ်သမားတွေလည်း
မိုးကြားမှာတဲ့မှ နိုးကြားစွာ
ကြိုးစားရှာတော့ အလုပ်တွေမဆုံး။

ကောက်စိုက်စွမ်းရည်
ထွန်တုံးပိတ်ပွဲ အလီလီနှင့်
တစ်ရာသီ သုံးသီးစားနိုင်ဖို့
သားငါး ပုစွန်တွေကလည်း
ကန်ရေမှာ ပျော်ပုံထူးပါဘိ
ကြည်နူးဖွယ် အဖြာဖြာနှင့်
ဝေဆာစွာ တကယ်လှအောင်လို့
(မိုးမင်းကြီးရေ) --- ခြယ်သပါဦး။ ။

# တောတိုးခြေသံ

ရောင်စုံတောက်ပ၊ မွန်းကျပ်လှသည့်
မြို့ပြမှာနေ၊ လောဘတွေကြောင့်
စိန်ရွှေငွေကြား၊ ခြေသံများသည်
ခါးသီးပြင်းရှ၊ မှန်းဆရခက်
နံနက်မိုးလင်း၊ မိုးချုပ်ရင်းဖြင့်
ထမင်းတစ်နပ်၊ ဟင်းတစ်ဖတ်တွက်
ဖိနပ်ပါးမျှ၊ လျှောက်ရတန်တန်
ခြေသံသွက်သွက်
မျှော်လင့်ချက်ပါး၊ စည်းချက်မှားခဲ့။

ဤသည့်ခြေထောက်၊ တောသို့ရောက်သော်
ဝမ်းမြောက်ပျော်ရွှင်၊ ဝန်းကျင်စိမ်းဝေ
မွေးရပ်မြေ၌၊ ခြေသံညင်သာ
ကျေနပ်စွာဖြင့်၊ သည်မှာထနောင်း
သည်မှာကျောင်းပေါ့၊ ခေါင်းလောင်းသံကြို
ခြေသံချိုလို့၊ ပင်အိုထန်းအုပ်
ဆီးပင်ငုတ်မှ၊ ဘုတ်မ သီကြွေး
ငှက်ပျိုတေးတို့၊ အေးချမ်းဘဝ
ပူကင်းလှသည်၊ လောဘမရှိ
ဝမ်းစာပြည့်မျှ၊ စိတ်၏အမော
ပြေစေသောဟု၊ တောကလူတွေ
လတ်ဆတ်လေနှင့်၊ နေထိုင်ရပ်တည်



အသက်ရှည်ခဲ့၊ ခိုမှီတိတ်ဆိတ်
တောတောင်ရိပ်မှာ၊ စိတ်နှင့်ဖဝါး
တစ်သားတည်းကျ၊ ဆန္ဒလိုအင်
တောသို့ဝင်၍၊ လိုလျှင်ခူးဆွတ်
လွတ်လပ်ချမ်းမြေ့၊ ခံမင်မွေ့စွ
မမေ့မြတ်နိုး၊ တောတိုးခြေသံ
ဖန်ဖန်ကြားချင်၊ ထာဝစဉ်တည်း။ ။

# ပုံပမာ

ဆန္ဒရမက်၊ အမျိုးဖျက်ရန်
အကြံနှင့်ချိုး၊ မညိုးရွက်ကျ
ကျိုးပြုတ်ကျလည်း၊ ထပေါက်တစ်ဖန်
ဇာတိမာန်ကြောင့်၊ ရှင်သန်ပွားတိုး
ဤတန်ဖိုးသည်
အမျိုးချစ်ဖို့ ပုံပမာ။

ဖယောင်းတစ်တိုင်၊ တစ်နိုင်တစ်ခါး
သူ့ခွန်အားနှင့်၊ သွေးသားပေးလှူ
အလင်းယူလော့၊ ကြည်ဖြူစွန့်လောင်း
ပေးဆပ်ကြောင်းလျှင်၊ စိတ်ကောင်းရင်ထဲ
အလှူရဲဖို့ ပုံပမာ။

ပစ်တိုင်းထောင်အား၊ ယိုင်အောင်တွန်းပုတ်
ဘယ်လိုလှုပ်လည်း၊ တုတ်တုတ်မကျ
ဦးမခပေ၊ ပြန်ထမတ်မတ်
စိတ်ဓာတ်ပြင်းပြင်း၊ ခွဲရှိခြင်းကို
ယွင်းနိမ့်ရှုံးငြား၊ အားမာန်ပွား၍
ကြိုးစားကြဖို့ ပုံပမာ။ ။



# အားကစား ဂုဏ်ရောင်

မြသားရယ်တဲ့ ရေနဒီ
တက်ညီညီ လှော်ခတ်။
ချက်ပိုင်ပိုင် တက်ကိုင်ထားကာ
လှော်သွားမပြတ်။

ဂျူဒိုနှင့် တိုက်ကွမ်ဒို
ဗိုလ်စွဲနိုင်ရေး။
ကာယရည် ခုခံသုံး
အရှုံးမပေး။

ဘော်လီဘော၊ ဘောလုံးမှု
အပေးအယူ မလွတ်။
တစ်စိတ် တစ်ဝမ်းထဲ (တည်း)
အမြဲ ညီညွတ်။

ကြွက်သား အစုံစုံ
သက်လုံ ကောင်းနိုင်ဖို့။
ရေကူးကာ ပျော်ရွှင်လန်း
လမ်းလျှောက်ပါစို့။

ကြံ့ခိုင်မှ အောင်ပွဲပန်။
ကျန်းမာဖွံ့ဖြိုး
လူမျိုးဂုဏ်မှန်။
သန့်စွမ်းမှုအခြေခံ
တစ်ယူသန် စိတ်မမွေး။
အားကစား ဂုဏ်ရောင်မြှင့်
လေ့ကျင့်မနှေး။ ။

# ပါရမီဖြည့်ဘက်

ကျောက်တံ သင်ပုန်း
ဝလုံးကျောင်းစာ၊ ငယ်စဉ်ခါက
အိတ်မှာထိုးထည့်၊ ကျောင်းသွားခဲ့သည်
ငါ့ရဲ့ လွယ်အိတ် အနီရောင်ကလေး။

အရွယ်ရောက်လာ၊ ချစ်သူ့စာများ
သည်မှာခေါက်ထည့်၊ ရင်ခုန်ခဲ့သည်
မနွဲ့စတမ်း၊ ဘဝလမ်း၌
ပန်းမမွေးကြူ၊ စမ်းရေပူလည်း
ထီးဖြူ ဖိနပ်ပါး၊ ငါ့အနားက
စကားနှုတ်ဆိတ်၊ ပခုံးထိပ်မှာ
ယှဉ်တွဲပါသည်
ပါရမီဖြည့်ဘက် လွယ်အိတ်ကလေး။

တစ်ရံ တစ်ခါ၊ မဟာန်ပါ၍
ချန်ကာအိမ်တွင်၊ ပွဲဝင်မတိုး
ချောင်မှာထိုးမိ၊ အကျိုးလိုမှ
သတိရလည်း
သူကဘာမျှ မပြောရှာ။

ဘဝမီးအိမ်၊ နေဝင်ချိန်ခု
မှိန်လုစင်းစင်း၊ မလင်းတစ်ချက်
လင်းတစ်ချက်မှာ၊ ဆက်ကာခရီး
တရားမှီးစဉ်၊ ပုတီးတစ်ကုံး
အိတ်တစ်လုံးနှင့်
နောက်ဆုံးတူလှမ်း၊ နိဗ္ဗူကမ်းသို့။ ။



# ပျိုတို့ယာနှင့် နဖူးစာ
## (ဗုံကြီးသံ)

တောင်ခြေမှာ ယာခရိုး
တဲထိုးလို့ အနေကြာ။
နေမှိန်မှိန် ရွှေပိန်ညင်း
တေးချင်းသံဝါ-လေ့။
မိုးဖွဲဖွဲ ဗွေဝဋ္ဌာ
ပျို့တောရွာ မြခြယ်သွေး
အေးစိမ့်စိမ့်ရွာ-လေ့။

ယာထဲမှာ သခွားခင်း
ဘူးခင်းနဲ့ မုန်လာ။
ပန်းဂေါ်ဖီ ဆလတ်နှောလို့
တင့်မောလှသာ-လေ့။
လက်မှုအတတ်ပညာ
ဝါဖတ်ကာ နှီးဝါးသပ်
ယက်ကန်းခတ်ရှာ-လေ့။

စပါးရယ်တဲ့ တောင်လိုပုံ။
နှံ့ပလွေ အိုးစည်ဟည်း
တီးကလို့ခုန်-လေ့။
ကိုသာလှ မဂျမ်းဘုံ
ကြည့်ပုံမှာ ချစ်ရည်လူးတယ်
ဖူးစာဖက်ဆုံ-လေ့။ ။

# နွေမော်ကွန်း

ဗုဒ္ဓပူဇနိယ၊ လပြည့်တပေါင်း
အခါကောင်းကို၊ သောင်းကျွန်းဇမ္ဗူ
ဘိက္ခုသီလ၊ ဇေတဒဂ်နှင့်
မာနပယ်ချိုး၊ မိုးပေါက္ခရဝဿ
အေးငြိမ်းရသည်
ချမ်းမြခြင်းကို ပေးသလား နွေ။

ဆောင်းကြွင်းနွေဦး၊ လေရူးဝှေ့ချီ
မိန်ရာသီစ၊ တပေါင်းလဟု
ဥတ္တရာဘရဂုဏ်ကြီ၊ စန်းယှဉ်သည်တည့်
လုမ္ဗိနီသာမော၊ အင်ကြင်းတောမှာ
မြတ်စွာဗုဒ္ဓ၊ ဖွားမြင်လတည်း
သာစွရဂုံ၊ ဆေးဖက်စုံသို့
သဲပုံစေတီ၊ သရဖီနှင့်
သဇီဂီရော်ရွက်၊ ဖူးညွန့်ထွက်ကာ
ဘမရာ ပိတုန်း၊ ဝတ်ရည်သုံးလျက်
တောလုံးပျံ့သင်း၊ တိမ်ပြာလင်းသည်
ကြည်နူးဖွယ်ကောင်း၊ လတပေါင်း။

ကောက်ပဲသိမ်းစ၊ ဥတုမျှလျက်
စိမ်းမြနေဇာ၊ ညွန့်ညှောက်ဖြာ၍
သာယာမှုပေါင်း၊ ညွတ်ခညောင်းသည်



တပေါင်းသာခေါင်၊ လများနောင်ဟု
လူ့ဘောင်အလှ ဆင်တဲ့နွေ။

မာသခါကောင်း၊ လတပေါင်းကား
ပန်းများပွင့်စေ၊ ရဲရင့်နွေကို
ဥဩကြို၍၊ ညိုရွှေရိုးညှာ
နွေသင်္ကြန်၏၊ ရောင်ဝါထွန်းပျံ့
မျိုးချစ်မာန်ဖြင့်
တမန်စေလွှတ်လိုက်သလား နွေ။

လမြတ်တပေါင်း၊ အတိတ်ဟောင်းမှ
ချောင်းနှယ်စီးသွေး၊ နီစွေးစွေးကို
တွေး၍မြင်က၊ ကြိတ်ခဲကြွလျက်
ပြင်းထမာန်ဟုန်၊ အမျိုးဂုဏ်အား
လေးစားချစ်မြတ်၊ သက်နှင်းအပ်ကာ
မရပ်မတွန့်၊ ကိုယ်ကျိုးစွန့်၍
ဝံ့စားချေမှုန်းခဲ့သလား နွေ။

တောင်တန်းဒေသ၊ ပြည်မတစ်လျှောက်
ထက်အောက်ညာကြေ၊ သားချင်းတွေနှင့်
တစ်လှေတည်းစီး၊ တစ်ခရီးမှာ
သွေးစည်းခဲ့ကြောင်း၊ ညီညွတ်ကြောင်းကို
တပေါင်းလက်တံ၊ နွေဦးမာန်ဖြင့်
တော်လှန်အံ့ချီး၊ ခြိမ့်ခြိမ့်သည်း (သဲ) သည်
ကမ္ဘည်းတင်ထွန်း၊ နွေမော်ကွန်းတည်း။ ။

# တောရွာ ဝါကျွတ်ပွဲ

မြတ်စိန္တေ လူ့ပြည်ဆင်းတော့
နတ်စောင်းညင်း မြိုင်မြိုင်။
မီးမြင်းမိုရ် ပူဇော်ပွဲမှာ
နွဲပျော်ကြပြိုင်။
မွှေးနံ့သာ ပန်းကြာခိုင်
ဆီမီးတိုင် ကြည်လဲ့လဲ့။
ရှင်တော်ကို ကော်ရော်လို့
ပူဇော်သနဲ့။

ကြာမျိုးစုံ ထုံထုံသင်းတဲ့
ကျွတ်သီတင်း တူရာသီ။
ပုလဲငုံ နှင်းမှုန်ဖူးက
မြူးဝင့်ဟန်ချီ။
မီးပုံးများ စီရရီ
ကောင်းကင်ဆီ မျှော်ကာကြည့်။
အသဝနီ ရောင်ခြည်ထွန်း
တင့်ရွှန်းပါဘိ။

ပတ်ဗေထုံ ဒိုးပတ်ဝိုင်းနှင့်
ရှေ့ပိုင်းက ကိုသာခင်။
ကကွက်ဟန်ယဉ်။
မလေးကို သူမြင်



ထွေးခင်လည်း သူကြည့်။
အပျိုဆို အပိုးကဲသမို့
ပျိုလည်းလေ ပြုံးတုံ့တုံ့နှင့်
ခေါင်းငုံ့နေမိ။

ဆွမ်းအုပ်နီ အမေရွက်တော့
ကျောင်းထွက်ဖို့ အသင့်ပင်။
ငှက်ပျောခိုင် ဝါရှေ့လွှမ်း
ထမ်းပို့ ကိုရင်။
ရိုင်းပင်းချစ်ခင်
ဖြူစင်သည့်စိတ်ထား။
ဒါနအလှူ ရဲပါတဲ့
တို့တောရွာ ဝါကျွတ်ပွဲမှာဖြင့်
နွဲပျော်စည်ကား။ ။

## လက်၏ ဒေသန

ဟိုဟာလေးလုပ်၊ သည်ဟာလုပ်ပါ
လိုရာတာဝန်၊ လက်ညှိုးညွှန်ပြ
စေခိုင်းကြပြီး၊ လက်ပြသောခါ
ခွဲခွာအသိ၊ နှုတ်ဆက်မိပေ
လာစေလိုသော်၊ လက်ယပ်ခေါ်၏
မရှိဟန်က၊ လက်ခါပြသည်
သိသည်ဟုဆောင်၊ လက်ညှိုးထောင်ပေ့
ချစ်အောင် မုန်းအောင်၊ ကောင်းအောင် ညံ့အောင်
စွမ်းဆောင်နိုင်စွာ၊ ဤလက်ပါပဲ
လက်မှာသတ္တိ၊ အစွမ်းရှိသည်
ရှိသည့်အစွမ်း၊ အံ့မခန်း။ ။



## ဘုရားစုံဖူးမလေ မွန်ဒှာနေ

ပေါင်းလောင်းတောင် ညို့ညို့မှိုင်း
တိမ်လှိုင်းများ အသွယ်သွယ်။
ကျိုက်ထီးရိုး စေတီထူး
မျှော်ဖူးစို့ကွယ်။
စစ်တောင်းအလှ ရံခြယ်
ကျိုက်ထိုနယ် စည်ပေသား။
ကျိုက်ပေါလော မှဲ့ရှင်တော်နှင့်
စေတီတော် ကေလာသကို
ဦးချညွှတ်တွား။

တောင်စွန်းနှင့် မြို့ဘီးလင်း
လမ်းခင်းက သာသာယာ။
ကျိုက်ထီးဆောင်း စေတီမြတ်
သပ္ပာယ်လှစွာ။
ကျောက်ဆစ် အတတ်ပညာ
ကျောက်လွှာပေါ် တည်ထား။
ကြာမှောက်၊ ကြာလန်နှင့်
ပစ္စယာ အဆင့်ဆင့်
ထူးတင့်ဖွယ်များ။

တပေါင်းပွဲ ရွှေစာရံ။
သထုံမှာ ပုရပိုက်ခေါက်နှင့်
ကျောက်စာ မကျန်။

ယဉ်ကျေးမှု အစစ်အမှန်
နံရံမှာ လိုဏ်မုခ်များ။
အဌကထာ ဇာတ်ထုပ်နှင့်
အုတ်ခွက်ဘုရား။

တောင်တက်လမ်းဆီက
စောင်းတန်းကြီး မြိုင်သနော်။
သဒ္ဓါဟုန် ကြည်ညိုစိတ်
မြသပိတ် ရွှေဆံတော်။
တပို့တွဲလ အမြဲနော်
ပွဲတော်နဲ့ ကုသိုလ်ရေး။
တရားထိုင် ပုတီးစိပ်
သစ်ရိပ်ကအေး။

လှေနာဝါ ရေပြာဝန်းနဲ့
ဘီလူးကျွန်း
ခေါင်းဆေးကျွန်းအလီလီ။
ကျိုက်သံလန် မဟာမြတ်မုနိ
ရှိကျိုးမိသည်။
သံလွင်တံတား ဟိုအဝေးဆီ
ဦးခန္တီမှာ အမြိုက်တရား။
ကတိုး ကော့နှတ်ဘုရား
ပွဲချိတ်နှင့်သွား။

ထန်းပင်တွေ တန်းစီပေါ်တဲ့
ကျိုက်မရောမြို့ ရောက်လို့လာ။



ဆုတောင်းပြည့် ဘုရားက
ကျော်ကြားလှစွာ။
ရှင်စောပု တည်ခဲ့ရာ
ရုပ်ပွားမှာ ခြေတော်ချ။
လက်ထောက်ထိုင် တစ်ဆူတည်းမို့
အံ့ချီးဖွယ်ပါ့။

ခါသကြန် စဉ်လာနွဲ
မုဒုံလည်း ဝင်ပါကွယ်။
ရိုးဂိုးပွဲ ရိုးရာမပျက်
တစ်ရက်ပိုတယ်။
ကျိုက္ခမီ ဘုရားဖူးမယ်
ရေလယ်ဘုရားဝယ် ဘာဆုတောင်း။
ပန်းပမာ လန်းကာမွှေးလို့
အေးမြစေကြောင်း။

မွန်ဌာနေ မွန်တို့တိုင်း
ကြည့်လိုက်တိုင်း ဘုရားပုထိုးမြင်။
မော်ရွှေမြိုင် တောင်ပေါ်တစ်လွှားဆီက
သံဃာတော် မထေရ်များရဲ့
တရားသံလွင်။
အယူလည်း ဖြူသန့်စင်။
အသွင်လည်း အစဉ်အေး။
အမတာ နိဗ္ဗုန္နန်းဆီသို့
မြန်မကြာ စိတ်တူမြန်းနိုင်ဖို့
လှမ်းခဲ့ပါ့လေး။ ။

# လွမ်းမြိုင်နန်း

## (ဒွေး ချိုး မျိုး-မြင်းပေါ်သံ)

ရွှေအဆင်း
လေညင်းပျံ့ခြို
မြိုင်ရဂုံ
စုံကန္တာ လွမ်းနှောင်ဝင့်
နန်းသူ့မောင် ဖော်တဝေး။

တပေါင်းပူပုံ
ကူရုံညှင်းခဲ့
ပန်းသင်းထုံသောခါ
သာပုံကို ပြန်ကာချင့်လို့
ခွန်းဆင့်မယ်လေး။ ။



# မေတ္တာနိဂုံး

ဝန်းကျင်တစ်ခို၊ စိမ်းစိမ်းစိုကာ
ကျီးဖိုကျီးမ၊ ကျီးမိဘလျှင်
အုန်းပင်ထိပ်ဖျား၊ အုန်းလက်ကြား၌
ကျီးသားငယ်မွေး၊ သူ့ရင်သွေးကို
ခွံ့ကျွေးအစာ၊ ဝမ်းစာရှာမှ
ပျံလာပျော်ရွှင်၊ နေ့တိုင်းပင်တည့်။

ထိုစဉ်တစ်ရက်၊ ရပ်ကွက်မီးလောင်
အခေါင်အဖျား၊ မီးတောက်များက
လွှားလွှားကျော်ကျော်၊ ခေါ်လာမကြား
အော်ကာလွှား၍၊ ချစ်သားတွဲလွဲ
သမီးဆွဲရင်း၊ ရင်ထဲသွေးပွက်
ကမ္ဘာပျက်မျှ၊ ပြေးထွက်သူငါ
မီးလွတ်ရာသို့၊ သည်မှာငရဲ
မီးငွေ့ထဲက၊ ကျီးမ ကျီးဖို
ကိုယ်လွတ်မရုန်း၊ အုန်ပင်ထက်ဖျား
သူ့သိုက်နားမှာ၊ ပျံကာဝဲဝဲ
မခွာဘဲနေ၊ ရင်ထဲ မချိ
တကြည့်ကြည့်နှင့်၊ မိဘမေတ္တာ
ထင်ရှားပါလှ
မီးစကူးစက်၊ အုန်းလက်ကိုမြိုက်
တစ်ဖြိုက်ဖြိုက်နှင့်၊ ကျီးသိုက်ထဲက

သနားစရာ၊ တစာစာပင်
အအာ အအာ၊ မြည်ကြွေးရှာကြ
ခများမိဘ၊ သောကဖိစီး
ဘယ်မီးလွတ်ရာ၊ မပြေးသာခဲ့
ကြင်နာဆက်နွှင်း၊ ချစ်ခြင်းသက်သေ
ကံခေစွာပဲ၊ ပျံ့နေဆဲမှာ
မီးထဲဖုတ်ဖုတ်၊ ကျီးသိုက်ထုပ်နှင့်
ပြုတ်ကျတူယှဉ်၊ သေပွဲဝင်သည်
မြင်ရ ရင်ကွဲစရာတည်း။ ။



# မြန်မာမှုနှင့် မြန်မာ့မောင်း

ငြိမ့်ငြိမ့် ညောင်းညောင်း
မြန်မာ့မောင်း ဒူဝေဝေ။
ကျေးလက်မြေ နယ်အနှံ့
ခြေဆန့်ကာစေ။
ယဉ်ကျေးမှု အမွေ
မောင်းတွေက များ။
'မောင်းဆိုင်း' အသွင်မညှိုး
လူမျိုးဂုဏ်ပွား။

ရောင်နီလာ အရုဏ်တက်
ဆွမ်းချက်ဖို့ ပြင်ဆင်။
နှဲဗုံသံ တူယှဉ်လောင်း
မောင်းသံကြားလျှင်။
'ဆွမ်းတော်ကြီး မောင်း' ပင်
ဆွမ်းပြင်လိုက်ပါဦး။
ရိုးရာဆက်ခံ
ယဉ်ကျေးမှု မှန်လို့
မောင်းသံ မြန်မာ့ဓလေ့ကို
မမေ့သင့်ဘူး။

တစ်ချက်ချင်း တီးက
စည်းဝေးဖို့ ဖိတ်ခေါ်ပြီ။

ကျေးလက်နေ လူအများ
နားလည်ကြသည်။
လူစုလို့ ရောက်လာပြီ
ကူညီဖို့ မနှေး။
'သူကြီးမောင်း' ဘယ်မငြီး
စည်းလုံးလို့လေး။

'မင်္ဂလာရွှေမောင်း' နှင့်
'အောင်မောင်း' လည်း မမေ့ကျန်။
စဉ်အလာ ယှဉ်ကာမှီး
တီးရိုးရာဟန်။
မြန်မာမှု အခြေခံ
မောင်းသံမှာ အဖြေညှို့။
မောင်းအမည် တပ်အပ်
ပြောတတ်ပါဘိ။ ။



# ရဲရောင်ပြောင်ဝင်း

မီးဖိုချောင်ဓား၊ ဟင်းသီးများနှင့်
သားငါးခုတ်စဉ်း၊ ထင်းခွဲပေါင်းနုတ်
ဘယ်အလုပ်ကြည့်၊ ဓားရှိမှပင်
အသုံးထင်ထင်၊ အလုပ်တွင်၏
ဓားတွင်သတ္တိ၊ အားအပြည့်။

ဧည့်ခန်းဆောင်ထား၊ အဘိုးဓားသည်
ဝံ့စားခုတ်ဖြို၊ နယ်ချဲ့ကိုခွင်း
အပြတ်ရှင်းခဲ့၊ စစ်တွင်းမှာ 'အား'
ရင်မှ 'သား' ဟု၊ အသွားလက်လက်
ဓားထက်ထက်ဖြင့်၊ မျိုးဆက်သတိ
နိုးကြားသိဖို့
သတ္တိပြောင်ဝင်း၊ ဓားတစ်စင်းတည့်။

ငါ၏ဘဝ၊ မုဆိုးမကား
အားမငယ်ပါ၊ ဓားထက်စွာသို့
ငါ့မှာမွေးထား၊ 'သား' သည် 'အား' ဟု
သားလည်းတစ်ဖက်၊ ဓားတစ်လက်ဖြင့်
စွမ်းထက်မတွန့်၊ ရင်ဆိုင်ဝံ့ပြီ
မရှုံ့ရှက်ဆောင်၊ မေ့သားမောင်နှင့်
ရဲရောင်ပြောင်ဝင်း၊ အားရှိခြင်း။ ။

# အလောင်းမင်းတရား

အလောင်းမင်းတရား ရဲသွေးဖော်
အစသော် ခြောက်ကျိပ်။
လူသူစုရုံး
စည်းလုံးအောင်ဟိတ်။

မုဆိုးဘို ထန်းလုံးတပ်
ဝိုင်းပတ်ကာရုံ။
မွန်စစ်သူ 'တလပန်း'
ကမ်းသစ္စာနှံ။
'ဂုဏ္ဏာအိန်' လည်း သစ္စာခံ
ရန်သူတွေ ပြားပြားမှောက်။
သေနတ်၊ လှံ၊ ဓား
လား လား မကြောက်။

အလောင်းဘုရား ကနက်ဗဟို
ဆက်ခိုသူ အများ။
ဝန်ကျေသူ ကြီးမြင့်ဖို့
ချီးမြှင့်မြှောက်စား။

ရွှေချက်သို စေတီ
ရွှေစေတီကြီး။
ဘုရား ရတနာနှင့်
တရား ရတနာနှင့်



သာသနာ အကျင့်မတိမ်းအောင်
ထိန်းသိမ်း ဝိနည်း။

သန်လျင်ကို ဝန်းရံဆီး
မြို့ပြစည်း အညှပ်နာ။
သံမဏိ စိတ်ဓာတ်များ
အားကျဖွယ်ရာ။
နယ်ချဲ့များ ဆုတ်ခွာ
ဗရင်ဂျီရွာသွား။
အရေးကြီး
သွေးစည်းတကား။

ချောင်းမြောင်းများဆယ်
ရေသွယ်လို့ဖောက်။
လယ်လုပ်သူ လယ်အလုပ်နှင့်
ယာလုပ်သူ ယာအလုပ်နှင့်
ပဲနုတ်ကာ ဆန်ဆီရ
ကျီကျများဆောက်။

ဦးကြီး၊ ရန်အောင်ဗလ
လက်ဝဲသုန္ဒရ အကျော်အမော်။
စာကဗျာ လင်္ကာအချိုး
ဟိုးဟိုး ကျော်ကျော်။
စစ်ချီပျို့ စစ်သွေးဖော်

စစ်သွေးကျော် မော်ကွန်းများ။
မနုကျယ် ဓမ္မသတ်
ရေးသိမှတ်ပွား။

မင်းကောင်းတို့ ဂုဏ်အင်္ဂါ
ဘယ်ခါမှ မမေ့အပ်။
ကိုယ့်အမျိုး ကိုယ့်ဘာသာနှင့်
ကိုယ့်စာပေ ဂုဏ်ကျေးဇူးကို
ဖော်ကျူးမပြတ်။ ။



# မနေ့ ယနေ့ မနက်ဖြန်

ထိုခရီးသည်
နီးမှန်းလည်းသိ၊ မသွားမိ။

ထိုအလုပ်သည်
ဟုတ်မှန်းလည်းသိ၊ မလုပ်မိ။

ထိုစကားသည်
မှားမှန်းလည်းသိ၊ ပြောလိုက်မိ။

ထိုတစ်ဦးတွင်
ကျေးဇူးလည်းရှိ၊ မဆပ်မိ။

ငါ့အကြိုက်သာ
ငါလိုက်ငါလို၊ ငါကြိုဆိုခဲ့
မချိလျှင်ခါး၊ နေစေလားကွာ
ကြာသော်မိတ်ပျက်၊ ရတက်ပွေကာ
အမှီရှာတော့၊ ဘာမျှမတွေ့
ဘယ်လိုမွေ့အံ့
မနေ့ကဒုက္ခ
ယနေ့မှာ နောင်တ
နောက်နေ့ဆို သောက
ပူလောင်လှစွာ
ဘဝရပ်ဆိုး အကျည်းတန်ပြီ။ ။

# ခေတ်ခါမီ
## (ဖုံထောက်သံ)

သကြ်န်ခါ လတန်ခူး
နွေလေရူး ဆိုက်ရောက်လာ။
ဝေစည်ဖူး ကိုက်ညှောက်ဖြာ
အထိုက်လျောက်သာ ဝါရွက်ညောင်း။
သက်လုံးပေါ့ ချစ်ဖူးညှာရယ်
နှစ်ဦးမှာ ချမ်းမြေ့နှစ်ထောင်း။

ယခုခါ ကြိုးစားရန်း
နိုးကြားမှုန်း အချိန်တန်။
ယိုးမှားဖုံး မထိန်ချန်
ဖိန်မှန်မှန် ချိန်မနှောင်း။
လက်မှုမှ စက်မှုဖော်သည်
မပျက်ရှုနော် ကြီးပွားစေကြောင်း။

ခုခေတ်ခါ တို့လုပ်အား
ထုတ်မကြွား ယနေ့မြင်။
ပုတ်ကားကား ပြည့်စေချင်
လက်တွေ့ပင် စဉ်ကြိုးစား။
ညီညွတ်မှ ဘေးဘျမ်းကွာမည်
အေးချမ်းကာ တိုးတက်စေသား။ ။



# အခွင့်အရေး

ပန်းသင်းနေခိုက်၊ တစ်ရှိုက်မက်မက်
နှစ်သက်မြတ်နိုး၊ ပန်းတင်ထိုးဖို့။

လက်ကမ်းလာမူ၊ မငြူစူဘဲ
ပျူငှာခွင့်ရေး၊ တန်းတူပေးမှ
နွေးထွေးလည်ပတ်၊ တန့်မရပ်ဖို့။

ပေးစဉ်ယူလိုက်၊ ရကံထိုက်ဟု
မိုက်ရာမကျ၊ ဖင့်နွေးမှလျှင်
နောင်တဇာတ်လမ်း၊ မတမ်းတဖို့။

မေတ္တာနှင်းလာ၊ ချစ်သဒ္ဒါဖြင့်
သစ္စာစည်းရိုး၊ လုံအောင်ထိုးမှ
ရိုးမြေလက်တွဲ၊ ခိုင်ခိုင်မြဲဖို့။

နှစ်ခါမခေါက်၊ တံခါးပေါက်က
ရောက်လာခွင့်ရေး၊ မွှေးအောင်ဖန်တီး
ရှေ့ခရီးဝယ်၊ ပိုးထီးမပါ
ခမောက်ပါက၊ လုံပါလေသား
အားတစ်ပင်တင်း၊ တောင့်ခံရင်းဖြင့်
ခြေနင်းကိုချွတ်၊ ဆူးမလွတ်လည်း
ဖွတ်တိုး၍ဝင်၊ ဆက်လှမ်းချင်သည်
ရောင်နီလာလို့၊ ပန်းသင်းလို့။ ။

ခြံစည်းရိုး ကြက်ဆူပင်။
မျိုးကိုင်းမျိုးစေ့ မြေမှာချ
စိုက်ကြတွင်တွင်။

နှစ်ရှည်သီးနှံ
ဝင်ငွေပိုလျှံလျက်
အခြေမြန် အနေခန့်ချင်တော့
ကျယ်ပြန့်စွာ ကြက်ဆူမပြတ်ပါမှ
ကြိတ်ဖတ်က မြေသြဇာ
မြေဆီလွှာ ထိန်းပြန်သနဲ့
မြစိမ်းရောင် ကျေးလက်တစ်လွှားမှာဖြင့်
လူနေမှု မြင့်မားကာ
စက်များစွာ လည်ပတ်နိုင်သမို့
အကျိုးအမြတ် အဖတ်တင်
စွမ်းအင်ရဲ့တန်ဖိုး။

ကြက်ဆူပင် ထိုးထိုးထောင်နှင့်
ဖြစ်ထွန်းအောင် အစဉ်ရှေးရှု
ပြည်သူ့အကျိုး။ ။





ကောက်သင်းရနံ့၊ သင်းပျံ့ပျံ့နှင့်
စာခန့်ပေမွန်၊ မြို့ကိုလွန်လျက်
တောစွန်အုံနား၊ ဘဝများကို
သနားစာနာ၊ ကရုဏာဖြင့်
စာဆို 'ဦးဆောင်း'၊ 'ဦးကြီး' လောင်းကာ
ကျိုးကြောင်းဖွဲ့သီ၊ စာပန်းချီလျှင်
ကြည်ညိုမြတ်လေး၊ နှလုံးအေးခဲ့။

**'ဦးဆောင်း'** ညွှန်းထောက်
'လက်ပံကောက်' ဝယ်
'--- မိဖလှ နင်လိုက်ဦးမလား
သုံးစိတ်ဝင် ထန်းလျှော်တောင်းရယ်နှင့်
ပေါင်းလန်မှ ပြန်ကြမယ်လေး ---'
ရှေးရေးကဗျာ၊ လွမ်းချင်းပါငဲ့
ကျိုကာမွပျောင်း၊ ဆန်မာပြောင်းကို
ကောင်းမြိန်မျိုချ၊ စားသောက်ကြသည်
သောကမတွေး၊ လောဘဝေးခဲ့။

ငလူးသေးမျှင်၊ ကြေးမသင်ဘဲ
ဆီလျှင်မဟုတ်၊ ရေလုံပြုတ်ကို
အင်ကုပ်ထူမှာ၊ ဖွန်းမပါချေ
ဗလာခြစ်ယူ၊ 'ကိုတောင်သူ' ဟု

မူယာဆစ်ဖြာ၊ ပုံဖော်ပါသော်
စာနာထောက်ထား၊ တောသားဘဝ
ရိုးစင်းစွတည့်၊ တောဟိမဝါ
ပေါရိသာလည်း၊ လာသမျှလူ
ဖမ်းသယ်ယူကာ၊ သွေးဆူသောက်စား
မောဟပွားလျက်၊ လူသားနှစ်ခြိုက်
မှားစရိုက်ကြောင့်၊ အမိုက်နွံငြိ
အမှားပြည့်သော၊ 'ပေါရိသာလမ်း'
လေးချိုးခန်းဖြင့်
ကြမ်းတမ်းစိတ်သိ၊ ဆင်ခြင်မိခဲ့။

ဝမ်းရေးရေကြောင်း၊ လူကြုံကောင်း၍
မောင်းအိုပုံတောင်၊ ပိန်းကောယောင်၌
ပွဲချောင်ရုပ်စုံ၊ ဖောက်ကားတုံ၏
လှေကြုံစုန်ဆင်း၊ အောက်ပြည်ချဉ်းမည်
မင်းလိုက်မှာလား 'အညာလှေ'။

**'ဦးကြီး'** စာပေ၊ တောရိပ်တွေနှင့်
လေပြေကသုတ်၊ ဘုတ်က အီအီ
ခါမီခတ္တာ၊ တို့ရွာခလေ့
'ယဉ်ပေ့တောသူ'၊ အမူကမ်းကုန်
ဘယ်မြို့ပုံသာ၊ ရွှေညာမှာမိုး
'စိုးပါလှတယ်၊ ဘယ်အငြိုးမို့
ပျို့ဦးရင်ပြန်၊ ခက်ရှာဟန်ကို



ပူပန်မှာပြီး၊ ချောင်းရေစီးဝယ်
အသီးသပြေ၊ ဝေဝေလွှမ်းငွေ့
'ကြင်ငွေ့ဆုံသူ'၊ အကျွန့်လူကို
ပျိုဖြူငယ်ကျွမ်း၊ လွမ်းချင်းကဗျာ
ဝေဖြာခတောက်၊ သင်းလှောက်ထုံကြည်
စစ်စလီငှက်၊ ရေကြက်၊ မောက်တင်
ချစ်ကြင်မဆုံး၊ မိုးထစ်ချုန်းသော်
'ပြုံးမိတယ်' တွေး၊ ဦးကြီးရေးခဲ့။

ဦးဆောင်း, ဦးကြီး အသီးသီး၏
အံ့ချီးဖော်ညွှန်း၊ ကဗျာကျွန်းလျှင်
ပြောင်ရွှန်းထိန်ညီး၊ ဘုံပျံထီးတို့
ကြီးကျယ်ခမ်းနား၊ မရှိပြားလည်း
တောသားတောင်သူ၊ မိလက္ခူ၏
ဖြူစင်ပွင့်လင်း၊ ရိုးသားခြင်းကို
ကွင်းကွင်းမြင်လာ၊ စာနာပါမိ
ကြင်နာကျေးဇူး၊ စာဆို 'ဦး-' သို့
ပူးယှက်ပဒုံ၊ ကြာလက်စုံဖြင့်
ဂုဏ်တင်လေးစား၊ ကြည်ညိုပွားသည်
ခံစားထပ်တူ နှလုံးသားများ။ ။

# အလှည့်အပြောင်း

အညာဖွားပေမယ့်
အောက်သားနှင့် ဖူးစာပါတော့
အောက်ရွာမှာ အခြေတည်။

ငါးသလောက်ဖမ်း
ငါးခြောက်လှန်းရယ်နှင့်
အောက်ကမ်းက ရွာသာယာ
ပျော်စရာ အလွန်ကောင်းပါဘိ
စုပေါင်း ရှင်ပြုပွဲတွေနဲ့
ဘုရားပွဲ သောင်ပြင်ဈေးတန်းကြီးကလည်း
ဟည်းလို့ လွှန်စည်။

ချွေးမကလေး ရလာပြီ
ရွှေညာဆီက အပျိုချော။

ရွှေညာသူ သူဌေးသမီး
သွေးမကြီး သဘောကောင်းကာ
စေတနာ ဝေဖြာလို့
ယောက္ခမပါ ခေါ်လာပြောတာကြောင့်
မနောမှာ တရွှင်ရွှင်နှင့်
သံယောဇဉ် မပြတ်နိုင်သည့်
ရပ်အညာ ဌာနေဟောင်းဆီသို့
ပြောင်းရပြန်ပကော။ ။



# ကံဟူသည်

ကံကောင်းနေသည်၊ ကံမြင့်သည်ဟု
ယုံကြည်လက်ခံ၊ ကံယုံအားကိုး
ဆုံးပုံတိုးက၊ ကိုယ်ကျိုးနည်းကာ
လမ်းပျောက်ပါလိမ့်၊ ကံသာအမိ
ကံသာအဖ၊ ကံပုံချသော်
လုံ့လအားနည်း၊ ရှိတိုင်းမွဲလိမ့်
ဖွဲ့စွမ်းအားထုတ်၊ အလုပ်လုပ်မှ
အလုပ်ဟူသည် ကံသာမည်၏
တည်ငြိမ်ရင့်ကျက်၊ ခံယူချက်ဖြင့်
ထက်မြက်နိုးကြား၊ သင်ကြိုးစားလျှင်
ကြီးပွားချမ်းသာ၊ ကံကောင်းလာဟု
ကံသာပုံချ၊ ဝန်းကျင်က…
ပြောကြဦးမှာ၊ ထိုအခါတွင်
ဝမ်းသာဂုဏ်ယူလိုက်ပါတော့။ ။

## ရေကျော် ရေနက်ကွင်း

အိမ်မဲ, ပန်းတနော်
ကျုံပျော်, ညောင်တုန်း။
ရေပြင်, မြေပြင်ဟည်း
နည်းဖော်လို့သုံး။

ကျောက်တံခါး, သနပ်ပင်
အကွက်ဆင်စိုက်ပျိုး။
ရေကျော်ကွင်း စနစ်သစ်
သီးဖြစ်ထွက်တိုး။

မြေရိုင်းကိုလှန်
ဖန်တတ်လျှင် ရွှေထုပ်။
ရှောက်သံပရာ တာပတ်လမ်း
ခရမ်း ငရုတ်။

မိုးကြို ဂုန်လျှော်
ခုတ်ပြီးသော် စပါးပျိုး။
ရွှေဝါထွန်း, မနော်ဟာရီလှ
ယိမ်းက ခေါ်နှိုး။

ငါးခေါင်းပွ, ငါးမြစ်ခြင်း
ငါးကြင်းနှင့် ပုစွန်ပါ။



တာပေါင်မှာ သီးပင်ဖွေး
မွေးမြူရေးဖြာ။

ရေနက်ကွင်း ဒေသမှာ
အောင်မြင်စွာ ဘက်စုံဖြိုး။
လုပ်အားသန် ဉာဏ်အလှရယ်
စံပြအကျိုး။ ။

# ကျေးဇူးတုံ့ဆပ်   မမေ့အပ်

သုဝဏ္ဏသာမ၊ လိမ္မာလှပေ
ဖခင် မိခင်၊ မျက်မမြင်အား
ချစ်ကြင်ထံနီး၊ လုပ်ကျွေးပြီးလျှင်
ဝတ်ကြီးဝတ်ငယ်၊ အသွယ်သွယ်ကို
ရှောင်ဖယ်မပြု၊ ပိုက်ထွေး ပြုစု
ဂရုစိုက်မနေး၊ ဦးစားပေးသည်
လေးစားနာမှတ်၊ ချစ်သားမြတ်၏
ကပ်ခိုမရှိ၊ ကျေးဇူးသိခဲ့။

ရာဇကုမာရ်၊ သားမြတ်မှန်စွ
နာခံမှတ်သား၊ ဖစကားကို
ဦးထားရှေ့တင်၊ မငြိုငြင်၍
ဖခင်ကျန်စစ်၊ ပီတိဖြစ်ကာ
အချစ်နှင်းအပ်၊ လွန်ကျေနပ်ခဲ့။

ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်
လူဖြစ်အောင်မွေး၊ ရှာဖွေကျွေးသည့်
ကျေးဇူးမြင်းမိုရ်၊ ဆထက်ပိုကာ
အိမ်အိုကျားထောက်၊ စောင့်ရှောက်မစ

ဂါရဝ, နိဝါတ၊ မိနှင့်ဖကို
ဦးချခါခါ၊ သည်းခံကာဖြင့်
မျက်နှာမနွမ်း၊ ရွှင်ပျော်လန်းအောင်
ကြိုးပမ်းတုံ့ဆပ်၊ မမေ့အပ်သည်
မပြတ်ရိုကျိုး၊ လူ့တန်ဖိုးတည်း။     ။

# အလင်းပြစာကြည့်တိုက် အမှတ်တရပွဲ (တေးထပ်)

အလိမ္မာ စာမှာရှိတဲ့
ဖတ်ကြည့်မှ ပိုသိလာ
ဗဟုသုတ ဖွေရှာကာ
စာကဗျာ မှတ်စွဲ။
အဝိဇ္ဇာ ဖယ်ခွာပမယ့်
သုတဘဏ် အလင်းပြပါပဲ။
လှူဒါန်းကြ စာအုပ်စုံသည်
သဒ္ဓါဟုန်ပြန့်ကဲ။
နှစ်နှစ်ပြည့် အမှတ်တရပွဲမှာ
ဆကဲဖို့ တိုးမြှင့်ဆောင်။
ကြီးပွားရေး စီးပွားရေး
လူမှုရေး မကျန်ရလေအောင်။
ပျိုးထောင်ကာ မျိုးအောင်စွာရယ်
မညှိုးအောင်သာ အခါလှစ်သမို့
စာချစ်တို့ ဆုံခဲ့ပေ
မုတ္တမမြေ။



သမိုင်းအရှည် တည်ပါစေဟု
မေတ္တာရေ ဖျန်းပက်စို့လေး။ ။

(၁၈.၁၁.၂၀၀၅ မုတ္တမအလင်းပြစာကြည့်တိုက်
နှစ်နှစ်ပြည့် အမှတ်တရပွဲသို့)

# ကိုးခရိုင် စိမ်းစို

အညာတစ်ခွင်
တိမ်စင်ပြာရေး၊ လွမ်းဟန်သွေးနှင့်
တေးငှက်မကြို၊ လေမချိုခဲ့
ပင်ပျိုမပေါ်၊ အမြင်မောစွ
အကြောကိုသင်၊ အမျှင်ကိုပစ်
အဆစ်ကိုချိုး၊ ရိုးညှာဆိတ်ဖွဲ့
အရိပ်မဲ့ကင်း၊ ညှိုးခြောက်ခြင်းကြောင့်
ပူပြင်းသောက၊ ရေရှားလှ၍
ဝေးစွတစ်ရွာ၊ လှည်းများရာလျက်
ရေရှာထွက်ပေ၊ အညာမြေ၏
ငွေကိုမလို၊ ရေသာလိုသည့်
လိုအင်ဆန္ဒ၊ ရှေးခါက။

ယခုခါမူ
အလှူ့သဒ္ဓါ၊ ရက်ရောစွာဖြင့်
သပြာငွေရင်း၊ စက်ရေတွင်းတို့
ဖြည့်တင်းစိတ်ဝမ်း၊ ချမ်းမြေ့လန်းကာ
ရေဖျန်းရေငင်၊ မြစ်ရေတင်ကြ
သစ်ပင်ထူပေါ်၊ တောင်တစ်ကြောမှ



သစ်တောမခုတ်၊ သစ်ငုတ်မမြိုက်
ထင်းမဆိုက်သင့်၊ စရိုက်မကြမ်း
သစ်ရိပ်လွှမ်းမှ၊ သက်တမ်းရှည်ကြာ
ဤလူ့ရွာသည်၊ ရွှာသွန်းဖြိုင်ဖြိုင်
ငွေမိုးလှိုင်လိမ့်၊ တစ်နိုင်သစ်ပင်
ကျေးဇူးရှင်ဟု၊ သစ်ပင်ခြံရံ
တစ်ကန်တစ်တော၊ ‘ဘောစတိုင်း’ ‘တမာ’
‘မြန်မာရှား’ ‘အော်ရီရှား’၊ လုပ်အားစိုက်ထူ
ရှင်အောင်ကူမှ၊ ‘ယူကလစ်’ ‘မဲဇလီ’
‘ကျွန်း’သည် အနဂ္ဃ၊ သဘာဝတန်ဖိုး
ချစ်မြတ်နိုး၍၊ ကိုးခရိုင်စိမ်းစို
မြရိပ်ညိုက၊ တေးဆိုကျေးငှက်
ပျံကာတက်စဉ်၊ ဖြန့်ကြက်ဆော်သွေး
လေချိုအေးနှင့်၊ မွှေးသောအညာ
တမာစီတန်း၊ ထနောင်းလမ်းနှင့်
စခန်းဖြာလို့၊ လမ်းသာလို့။ ။

# တို့ပြည်တို့လမ်း တို့အောင်ပန်း
## (တျာချင်း)

သံလွင်, ချင်းတွင်း၊ မြစ်မင်းဧရာဝတီ
စစ်တောင်းနှင့် ဂျိုင်း၊ မဆိုင်းကစ္ဆပနဒီ
ဒုဋ္ဌဝတီ၊ စုံညီစီးဆင်း
မေတ္တာနှင်းပြိုင်၊ ချစ်ခြင်းခိုင်
သည်းဆိုင်နှလုံးသား'ခင်း'သည်နှင့်လေး။

နယ်ချဲ့ကိုရှင်း၊ ချင်းတောင်တန်းသက်သေ
သားချင်း'ကြွမ်ဘိစ်'၊ ဇာတိအားမာန်ဝေ
မျိုးချစ်မို့လေ၊ မသွေအောင်ပန်း
သုံးကျိပ်ရဲညီ၊ ခွဲခိုင်ကျည်
ယုံကြည်လွတ်လပ်'ပန်း'ရယ်နှင့်လေး။

ပြည်မတောင်တန်း၊ ကြိုးပမ်းလွတ်လပ်ပြီ
မြော်မြင်အဘက်ဘက်၊ ကျေးလက်နယ်စပ်ဆီ
နိုင်ငံ့ဂုဏ်ရည်၊ ခေတ်မီဖွံ့ဖြိုး
အမျိုးဘာသာ၊ သာသနာ
ကာကွယ်စောင့်ရှောက်'မညှိုး'စေဖို့ပါလေး။

အောင်ပန်း, ဟဲဟိုး၊ ရှမ်းရိုးမ, ငပလီ
အင်းလေး, ပုပ္ပား၊ သွားစို့ကျိုက္ခမီ
ကျိုက်ထီးရိုးဆီ၊ ဦးချီညွှတ်ခ
မင်းကွန်းခေါင်းလောင်းမှာ၊ အံ့ဖွယ်ဖြာ
ကမ္ဘာတည်အောင်ပြော 'ပြ'သည်နှင့်လေး။

အကျော်ဒေးယျ၊ ပုဂံအလှနော်
ဈေးချိုရွှေမန်း၊ မြနန်းစံကျော်
စစ်ကိုင်းချောင်မော်၊ တောင်ပေါ်ဘုရား
ကမ္ဘောဇသာဒီ၊ တွေးဆရည်
သည်ဆီကြငှန်း'အား'မာန်တည့်လေး။

စိုက်ပျိုးစွမ်းအား၊ ထွန်းကားစက်မှုပေ
တီထွင်ကြံဆ၊ တက်ကြွမြန်မာတွေ
ဘိုးဘေးအမွေ၊ အနေရိုးသား
ထိပါးလာသော်၊ ကြောက်ဘူးနော်
မော်ကာ ဝင့်ဝင့်'ကြွား'သည်နှင့်လေး။

တူညီစိတ်ထား၊ သွေးသားချစ်ကြင်
တို့ပြည်တို့ချစ်၊ ပြည်သစ်ထူထောင်စဉ်
ဘက်စုံအသွင်၊ မျက်မြင်သစ်ဆန်း
ငြိမ်းချမ်းမြန်ပြည်၊ မွေးဌာနေ
ဖြာဝေအလှ'လွှမ်း'သည်နှင့်လေး။

ကိုယ့်မြေကိုယ့်ပန်း၊ ရဂုံနန်း၊ လျှမ်းစွာမောက်ဖို့ တာဝန်ပင်။ တို့ပြည် တို့လမ်း၊ တို့အောင်ပန်း၊ လှမ်းကာလျှောက်စို့ ထာဝစဉ်။ ။

## ထာဝစဉ် ပီတိ

ငါက ပေးဟု
တွေးရင်း မျှော်ကိုး၊ ပြန်ရနိုးနှင့်။

ငါက ကျွေးဟု
တွေးရင်းမျှော်ကိုး၊ ပြန်ကျွေးနိုးနှင့်။

တစ်ဆုပ်တစ်ကြဲ၊ တစ်ခဲတစ်ဖဲ့
အလှည့်မလာ၊ မရှိတာထက်
မသိတာခက်၊ စိတ်ပျက်မချိ
သောကပြည့်လျှင်၊ ဆူးငြိ မှောက်လဲ
ကိုယ်ကျိုးနည်းချိမ့်၊ အမြဲအပူ
ပွက်ပွက်ဆူကာ၊ မဖြူစွန်းထင်း
မျှော်လင့်ခြင်းအား၊ အလျှဉ်းပိုင်းဖြတ်
ကြက်ခြေခတ်၍၊ ပြုအပ်အမှန်
အရင်းခံလျက်၊ ပြန်ရလိုမှု
တစ်ခုမတွေး၊ ကုသိုလ်ရေးဟု
တွေးဆခါခါ၊ ပီတိဖြာသော်
ဝမ်းသာကြည်နူးထာဝစဉ်။ ။



## တကူ ကူး ကူ

တောင်စွယ်ရိုးဆီက
ချိုးကလေး တကူကူးကူ။

ငြိမ်းချမ်းလှသူ။

မုန်းမျက်မကူ
အဖျက်အပူ မရှိ။

မုန်းမျက်မာန် ဒေါသဝေးလို့
သံစဉ် တအေးအေးနှင့်
တေးဆို နေ၏။ ။

# မြားတစ်စင်း၏ အင်အား

သူသည်ငါ့ကို
မလိုမုန်းပွား၊ ကြားစကားကြောင့်
အမှားကိုမှန်၊ မှန်ကိုအမှား
ဆိုးရွားတုံ့တင်၊ ရန်ထောင်စဉ်၌
ခင်မင်ရှေ့ဆက်၊ မိတ်မပျက်လို
ပင်ကိုနှုတ်စဲ၊ စကားနည်း၍
ရန်ပွဲမထန်၊ သူလှည့်ပြန်သည်
သည်းခံစိတ်များ ငါ့ရင်မှာ။

ရန်ကိုရန်ချင်း၊ မတုံ့နှင်းဘဲ
တင်းတင်းကြိုးစ၊ တစ်စကိုချည်
တစ်စဖြည်သော်၊ ဖြေပြေလျှော့ကျ
တင်းမရသို့၊ ဒေါသချုပ်ထိန်း
ရန်မီးငြိမ်းကာ၊ ခပ်သိမ်းမြူရှင်း
သည်းခံခြင်းဖြင့်၊ ချစ်ခြင်းမြားတံ
တည့်တည့်မှန်က၊ နာလန်မထူ
ရန်သူရှောင်ရှား၊ အလင်းများသည့်
တံခါးထွက်ပေါက်၊ ချက်ချင်းရောက်ကာ
လွတ်မြောက်ပေ့ါပါး၊ စွမ်းပကားနှင့်
အားဖြစ်စေသော မြားတစ်စင်း။ ။



# အိုးရောင်းတယ်ခင်

ဟိုရှေးက မင်္ဂလာဆောင်
ခန်းဝင်အောင် လက်ဖွဲ့ကြ။
ရာဝင်အိုး ဘယ်နှလုံး
ထုံးခလေ့ အလှ။

ရေမျောထင်း မီးညီညီ
စီပါလှည့် မနေး။
လုပ်အားတွေ ကိုယ်စီပြ
စဥ့်လုဖို့လေး။

မြေနှပ်ကာ ပုံလောင်းလို့
အိုးကောင်းဖို့ ဆွကာ။
ရေအိုး စဥ့်အိုး
ဖျဉ်းအိုး ဖြာဖြာ။
မကွေး မြသလွန် စုံစွာ
ဝမ်းစာအရေးမို့ ဘယ်မမော။
ကြိမ်ဝါးဒလက်တွေနဲ့
ထက်ကြပ်မကွာ လူပါလိုက်လို့
ဈေးချိုသဗျာ ခေါင်မခိုက်ပါဘု
ဖောင်တိုက်လို့မျှော။

ဘုရားပွဲ ဇာတ်ပွဲ
နတ်ပွဲလည်း စုံစွာဝင်။
မြစ်ဧရာ ပွဲရေကြောင်း
အိုးရောင်းတယ်ခင်။
အဘိုးရဲ့ လုပ်ငန်းခွင်
အဖေရဲ့ လုပ်ငန်းခွင်
ကျွမ်းကျင်အောင် အသက်မွေး။
သီတင်းကျွတ် တပေါင်းရယ်ပ့ါ
ကြိုးစားကာ အိုးရောင်းလို့
တူပေါင်းဖို့တွေး။ ။



# ကဗျာသို့ တိုင်တည်မိခြင်း

ဒေါသဟုန်းဟုန်း၊ မောဟဖုံး၍
လူမုန်းသွားအောင် မလုပ်ခဲ့ပါ။

မှောက်မှားဖောက်ပြန်၊ အကောက်ဉာဏ်နှင့်
အကြံယုတ်သူ မဟုတ်ပါ။

အတို့ထောင်များ၊ ကုန်းစကားဖြင့်
ရန်ပွားရအောင် မပြောမိပါ။

နူတ်စောင့်စည်းကာ
ရှိတာလေးဝတ်၊ ရတာလေးစား
ရောက်အောင်သွား၍၊ စကားသစ္စာ
ထားသိက္ခာဖြင့်၊ သပြာမလွှမ်း
အမြဲတမ်းပင်၊ စည်းကမ်းလိုက်နာ
ရိုးသားစာသင်၊ အသက်ရှင်ခဲ့
တုန်ငင်တုံ့နှေး၊ မရှိသေးလည်း
နောင်ရေးတွေးပူ၊ သောကထူလှ
ငါ့ဘဝကို၊ စောင်မ ခွန်အား
ပေးသနားပါ–အိုကဗျာ။ ။

## တို့ရင်ထဲက မြတ်ဆရာ
## (တေးထပ်)

ကြယ်ကလေးတွေ ထွန်းတောက်ဖို့
အာပေါက်အောင်သင်ရှာ
အာစရိယ မြတ်ဆရာလျှင်
စေတနာ ပိုမြဲ။
ဆရာဝန်, အင်ဂျင်နီယာ
ကြည်နူးစွာ ပီတိကဲ။
အိုးထိန်းရှင် ဗိသုကာ
လုပ်ပါစေအမြဲ။
ဆူပြန်လျှင် အထင်မလွဲနဲ့
အားခဲလို့သင်ကာ။
သတိပြုစရာ အချက်များ
မမှားအောင်ရှင်းပြပြန်ရာ။
တိကျ ချိန်မှန်စွာရယ်
သင်ခန်းစာ နားစွဲစေဖို့
ဟာသလည်း ပြောတတ်ပြန်ပေ
ကွယ်လွန်ပြီးပစေ။
မိုးမြင့်ကြယ် တပည့်တွေမှာတော့
မမေ့ပေ သက်ဆုံးတိုင်လေး။ ။



## ပန်းနှင့် လူ

ပိတောက်ရနံ့၊ သင်းပျံ့ပျံ့နှင့်
ကြွကြွစိုရွှဲ၊ သင်္ကြန်ပွဲကို
ဒွန်တွဲပါဝင်၊ ရိုးရာခင်၍
ဆင်နွဲဖို့များ၊ ရောက်လာလားမေ။

စံပယ်လှိုင်လှိုင်၊ မိုးဖြိုင်ဖြိုင်၌
ကြိုင်ကြိုင်ဝေဝေ၊ အမောပြေအောင်
စေတနာထား၊ မွှေးစေလားမေ။

သဇင်ဖြူဖြူ၊ ရနံ့ကြူ၍
လေယူရာနွဲ့၊ တသွဲ့သွဲ့နှင့်
ယိမ်းနွဲ့ဟန်ယဉ်၊ ပန်းတော်ဝင်မို့
ချစ်ခင်စေကြ၊ လှနေလားမေ။

နွေမှာပိတောက်၊ မိုးရောက်စံပယ်
ဆောင်းဝယ်နှင်းမြ၊ သဇင်လှတို့
လောကကိုခင်၊ အလှဆင်၍
ယဉ်ကျေးမှုရာ၊ သူ့ဝန်တာကို
ကျေစွာထမ်းယူ၊ တို့မှာမူကား
လူသားငမိုက်၊ မဖြစ်ထိုက်ဘူး
ကိုယ်စိုက်ကိုယ်မြင်၊ ကိုယ့်အပင်ဟု
ရှင်သန်မွေးမြ၊ ကိုယ့်ပြည်လှအောင်
ဗီဇ လူ့အသိ ရှိသင့်တကား။ ။

# ရှင်သန်မှု

သာတော့မည်-ရွာတော့မည်။
ဆည်မောက်ကာ လယ်ရေသောက်နိုင်ဖို့
ကောက်သီးနှံ လျှမ်းအောင်ကွယ့်
ဖျန်းပါ့ခါမီ။
မိုးကိုမှီ
တောသည်လည်း မပါး။
မိုးလိုတူ မိုးလိုကျင့်
ဖြိုးတင့်စေသား။

ဟောတော့လေ-ပြောတော့လေ။
ခင်လေးငယ် အစဉ်တွေးကွယ်
ယဉ်ကျေးဖွယ် မြန်မာ့ဓလေ့ကို
မမေ့သင့်ပေ။
အပြောအဆို သိမ်မွေ့စေ
အနေအထိုင်လည်း ဘယ်မယိမ်း။
အရိုးပေါ် အရွက်မဖုံးရအောင်
သက်လုံး ထိန်းသိမ်း။

ကြားရအောင်-သွားရအောင်။
နာရေးဆို မနေးထ



ဖေးမကူဆောင်။
မရှိယောင် မသိယောင်
မေ့နေယောင် ရှောင်မလွှဲ။
ကိုယ့်အလှည့် မကြာလှ
ကြုံရမှာပဲ။

လှမ်းတော့နော်-လျှောက်တော့နော်။
ဘဝလမ်း ဘယ်လိုခက်
နွှဲဆက်ရွှင်ပျော်။
အကြောင်းယှဉ် အကောင်းမြင်ပါက
အဟောင်းပင် သစ်လွင်နိုင်တော့
ဖြူစင်တဲ့ စိတ်ထားသော်
အဖော်ဆို အသင့်။
အတ္တ ပရရယ်နှင့်
မျှတစွာ ရှင်သန်မှ
ဘဝဒဏ် ခံနိုင်စွမ်းပါငဲ့
ဘယ်လမ်း ဘယ်ထီး ဆောင်းမယ်လို့
ပြန်ပြောင်း ချင့်ချိန်ပါမှ
ဘဝအိမ် လျှမ်းပပနှင့်
ချမ်းမြမြတင့်။ ။

# ထူးသည့်အိပ်မက် ပန်းတစ်ခက်

ယခင်ကနော်
မော်လမြိုင်,မုတ္တမ၊ ဟိုမှသည်မှ
နီးလှဝေးကွာ၊ ခရီးကြာခဲ့။

ယခင်ကဆို၊ သောကပိုစွ
လှေကိုအားကိုး၊ ဝဲကဆိုးပြန်
မိုးမှောင်လေနှောက်၊ သမ္ဗန်မှောက်ခဲ့။

ဟော-ယခုမျက်မြင်
'သံလွင်တံတား'၊ အိပ်မက်များမဟုတ်
အလုပ်သက်သေ၊ ထင်ရှားနေပြီ
မြောက်မြေ,တောင်ဖျား၊ ခရီးသွားနိုင်
ရထား,ကားလမ်း၊ သွယ်တန်းထိုထို
ပူတာအို,ကော့သောင်း၊ ကုန်သွယ်ကြောင်းနှင့်
ပေါင်းစည်းချစ်ကြည်၊ တွဲယှက်ညီလျက်
မြန်ပြည်ဖွံ့ဖြိုး၊ ကိုယ့်အားကိုးသည့်
အမျိုးချစ်စိတ်၊ ပြည်ချစ်စိတ်ကြောင့်
အတိတ်ကိုတွေး၊ အားကိုမွေး၍
ရှေးအခက်ခဲများ၊ သောကများကို
ကျော်လွှားအောင်မြင်၊ ထင်ထင်ရှားရှား



တို့အောင်ပွဲတည့်၊ အောင်ပွဲသီကျူး
မမြင်ဖူးသော၊ ထူးသည့်အိပ်မက်
ပန်းတစ်ခက်ကို၊ မပျက်မညှိုး
အဖျက်ဆိုးမှ၊ တိုးချစ်ကွယ်ကာ
စောင့်ရှောက်ပါအံ့၊ ရင်မှာစုံမက်
သည်ပန်းခက်ကြောင့်
နှင်းဆက်လေညင်း၊ ပန်းသတင်းလှျှင်
သင်းမြဲစေရည်၊ ကမ္ဘာတည်တိုင်။ ။

(၂၀၀၆ ခုနှစ်၊ ဧပြီလ၊ မြန်မာနှစ်ဆန်းတစ်ရက်နေ့၊ မော်လမြိုင်ဘူတာနှင့် သံလွင်တံတား (မော်လမြိုင်) ရထားတံတားဖွင့်ပွဲအခမ်းအနားသို့ အမှတ်တရ)

# မြကန်သာ

ဟိုတုန်းက မြကန်သာ
ပန်းရွှေကြာ ငှက်ချိုမြ။
ကျန်စစ်မင်း ဦးဆောင်မှု
သာခုခေါ်ကြ။

ပုဂံသူ ပုဂံသား
လုပ်အားကို အရင်းတည်။
တုရင်တောင် ရေလျှဉ်အေး
ပြေးဝင်လှည့်လည်။
စည်းလုံးခြင်း ပုံရိပ်ပန်းချီ
ညီညာသည့် ပုဂံတေး။
ကန်ပေါင်ရိုး မိုမိုမောက်
တောက်တောက်ကျချွေး။

ညောင်,တမာ,ထနောင်း,ရှားနှင့်
အော်ရီရှား,ကုက္ကိုပင်။
မဲဇလီ,ယင်းမာစွက်လို့
သရက်စုံလင်။
တုရင်တောင် စိမ်းစိုလွင်
မြသစ်ပင် ကြော့ကြော့။
ငွေမိုး ဖြိုင်ဖြိုင်ရွာပါမှ
မြကန်ရေ လှိုင်လှိုင်ရလို့
လှနိုင်မှာပေါ့။ ။



# နိယာမ

လောဘ ဒေါသ
မောဟ မာန်ထက်၊ လှဂုဏ်တက်၍
တစ်ရက်ကိုမေ့၊ ထိုသည့်နေ့ကား
တစ်ကွေ့ကွေ့ဆီး၊ ရွှေ့ရွှေ့နီးစဉ်
နီးမှန်းမသိ၊ ဝေးနေဘိသို့
သတိမသန်း၊ ဘဝလမ်းဝယ်
ထိန်လျှမ်းဂုဏ်ဝါ၊ စိန်ရွှေဖြာလည်း
သေခါဘာမျှ၊ မပါကြမို့
ဒုက္ခသစ္စာ၊ တရားရှာမှ
ဖြေသာအလွှံ့၊ ရင်ဆိုင်ဝံ့မည်
တွန့်ဆုတ်ဘယ်ခါ၊ မရှောင်သာဘူး
ဒါဟာ အနိစ္စတရား နိယာမ။ ။

# သည်ပြည် သည်မြေ သည်လေ သည်ရေ

ခရီးတစ်ခါ
ထီးပါပါမှ။
ပန်းရောင်စုံ ဘယ်လိုမွေး
ရွေးတတ်ပါရ။

သည်ပြည်မှာနေ
သည်မြေမှာမွေး။
မြန်မာ့ဟန် မြန်မာ့အလှ
ချိုမြနွေးထွေး။

သည်လေရှူနေ
သည်ရေကိုသောက်။
မပစ်ခွာ မေတ္တာနှင့်
သစ္စာမဖောက်။

သည်ပန်းပန် သည်ခရီး
သည်ထီးနှင့် သင့်တော်စွာ။
စည်းရိုးကို လုံအောင်ထိုး
သူခိုးမလာ။



သည်ပြည် သည်မြေ
သည်လေနှင့် သည်ရေဟာ
မြန်မာရဲ့ အသည်းနှလုံး။
အသည်းကို လာလို့ဆွလျှင်တော့
ငုံ့မခံ ပြန်ကာချမယ်လို့
မာန်ပြ ဟုန်းဟုန်း။ ။

# ကျောက်ဆည်နယ်မှ ဆင်အက

သီတင်းကျွတ်လ၊ သမယဝယ်
ဆင်အလှ ယဉ်စွ၊ ကြွကြွခုန်ခုန်
ဝတ်ရုံဖဲပိုး၊ ဘော်ကြယ်ထိုးကာ
ဒိုးပတ်ဗုံသံ၊ ဗေထုံညံလျက်
နိဗ္ဗာန်ကူးတို့၊ ဆောင်ပို့ရှေမှောက်
လှူခံရောက်သည်
ကျောက်ဆည်နယ်မှ ဆင်အက။

မုန်ဘု နှာမောင်း၊ ဦးကင်းကောင်းကာ
မောင်းမောင်းလွှားလွှား၊ ဆဒ္ဒန်လားသို့
ရန်များဖြိုအောင်၊ ဦးစွန်းထောင်၍
ဆင်ပြောင်နာဂိန်၊ ဝရဇိန်နှင့်
ဒေဝိန်မြတ်လေး၊ တိမ်စွန်ပြေးသည့်
ရှေးဆင်မော်ကွန်း၊ မျက်ဝန်းတောင်ညို
အာနိစိုကာ၊ ညီညာဖဝါး
ခွေတင်ပါးပြင်၊ ခြေသားမြီးဆံ
ကြန်အင်ပြည့်စုံ၊ ဗေထုံဗုံဗေ့
တဗေ့ဗေ့နှင့်၊ ဆင်ရွှေ့ယဉ်သာ
မင်္ဂလာအခါ။



ဆင်ကဟန်ရေး၊ မြင်သူငေးကာ
တေးချင်းဗုံထောက်၊ သံဆုံးရောက်သော်
ဆင်တော်ပြေးလွှား၊ ကြည့်သူများလည်း
ဟေးလားဝါးလား၊ ပျော်ပျော်ပါးနှင့်
နားဝအီရွှဲ၊ နှဲကချွဲစည်
ဒိုးလည်းလိုမ့်ခင်း၊ လင်းကွင်း လက်ခုပ်
ကျားဆုတ်ကျားတက်၊ ကျားကွက်သိုင်းနင်း
ရှောင်ရင်းတိမ်းခ၊ ဆင်လဲကျဟန်
သြဘာသံညောင်း၊ တဖြောင်းဖြောင်းဖြင့်
ခပေါင်းလူရှင်၊ ဟာသရွှင်အောင်
ဆင်ထဲလူဝင်၊ ဆင်ယဉ်ဆင်က
မြူးကြွကြွမှာ၊ နဠ္ဌကူးတို့
နိဗ္ဗာန်ပို့ဟု၊ သူ့မြို့ သူ့နေ
ခလေ့ပေမို့၊ ရှေးမွေဆင်ရေး
ဖော်ထုတ်ပေးရင်း၊ မနေ့းမေတ္တာ
စေတနာတို့၊ ဖြာဝေလျှံမောက်
သဒ္ဓါပေါက်သည်
ကျောက်ဆည်နယ်မှ၊ ဆင်အကတည်း။ ။

# တို့တိုင်းပြည်
## (ကာချင်း)

ရွှေပြည်ငွေပြည်၊ တို့ပြည်လော၊ တို့ပြည်လော
ဟုတ်တည်း ဖော်သင်း ဖော်သင်း
ဟုတ်တည်း ဆွေရင်း ဆွေရင်း
ဟုတ်တည်း သွေးချင်း သွေးချင်း
မြန်မာတို့ပြည်၊ ရွှေပြည်ငွေပြည်။

သယံဇာတ၊ ပေါကြွယ်ဝ
မြန်မာ့ဌာနီဝယ်-ဌာနီဝယ်။

ဆိုကရေးတီး၊ စဉ်လာမှီး
နည်းမှန်ဆင့်ကမ်းတယ်-ဆင့်ကမ်းတယ်။

ဆည်မြောင်းတမံ၊ ရေလှောင်ကန်
စီမံဖြန့်ကြက်တယ်-ဖြန့်ကြက်တယ်။

ရေနက်ကွင်းအစား၊ လယ်ယာများ
မြင့်မားသီးနှံကြွယ်-သီးနှံကြွယ်။

ဘိန်းအစားထိုး၊ ပန်းဂျုံမျိုး
စိုက်ပျိုးဖြစ်ထွန်းတယ်-ဖြစ်ထွန်းတယ်။



လမ်းတံတားများ၊ ကွန်ရက်ပွား
သွားလာလွယ်ကူတယ်-လွယ်ကူတယ်။

အမျိုးဘာသာ၊ သာသနာ
ကာကွယ်စောင့်ထိန်းတယ်-စောင့်ထိန်းတယ်။

သေလျှင်လည်းကူ၊ တာဝန်ယူ
ကူညီစာနာတယ်-စာနာတယ်။

စည်းလုံးရိုင်းပင်း၊ ညီညွတ်ခြင်း
ချစ်ခြင်းခိုင်မြဲတယ်-ခိုင်မြဲတယ်။

သည်လိုစိတ်ထား၊ ဘယ်ဆီသွား
ရှိများမရှိတယ်-မရှိတယ်။

ရွှေပြည်လော၊ ငွေပြည်လော၊ တို့ပြည်လော။ ။

# ခါကာဘိုရာဇီ သက်သေတည်

နှင်းပဝါနှင့်၊ ခါကာဘိုရာဇီ
သက်သေတည်ခဲ့၊ နေခြည်ရွှန်းမြ
ပန်းသစ်ခွတို့၊ လှပဝေဆာ
လွန်သာယာလျက်၊ ရွာသူရွာသား
လား၏အကူ၊ ဝန်ဆောင်ယူ၍
အေးတူပူမျှ၊ နေထိုင်ကြခဲ့။

ရိုးရာဆင်နွှဲ၊ မနောပွဲဝယ်
လက်တွဲတူပျော်၊ သွေးချင်းဖော်နှင့်
တောင်ပေါ်ပြည်မ၊ ဆုံတွေ့ကြကာ
မေတ္တာနှောင်စည်း၊ ပိုရင်းနှီးခဲ့။

လက်ဖက်ခူးပွဲ၊ ကောက်သစ်ပွဲကား
နွှဲပျော်စဉ်လာ၊ တစ်ဘာသာတည့်
ထိုမှာနှင်းတော၊ မချမ်းဘောနှင့်
လောခေါင်တောင်တန်း၊ ရွှေလီကမ်းမှာ
လွမ်းရတုဖြာ၊ မြိုင်လုံးသာခဲ့။

ဂျိန်းဖော့, လီဆူ၊ ရဝမ်ဟူသား
တောင်သူယာလုပ်၊ နှမ်းပဲပုပ်နှင့်
ကိုင်းခုတ်မီးမြှိုက်၊ အမဲလိုက်ကာ
စီးပြိုက်သွယ်သွန်၊ ရေတံခွန်နှင့်



သာလွန်တင့်ဝေ၊ ကချင်ပြည်ဝယ်
မေခ,မလိခ၊ ရှုမောလှစွာ
သာစွ'အင်းတော်ကြီး'၊ မနီးစခန်း
ဘယ်လိုလှမ်းစေ၊ လမ်းတံတားများ
ဖောက်လုပ်ထားပြီး၊ ခရီးမဖင့်
အနီးသင့်ထံ 'ဆွမ်ပရာဘွမ်'
ကဗျာဆန်စွ၊ ရှုတိုင်းလှခဲ့။

တစ်ချိန်တုန်းက
'ဆဒုံးတိုက်ပွဲ'၊ သတ္တိခွဲနှင့်
သူရဲကောင်းလျှင်၊ တို့ချစ်ကြင်စွာ
မြန်မာမထိ၊ လာမရိနှင့်
ဓာတိပုည၊ ဂုဏ်မာနများ
ဝင့်ဝင့်ကြွားသည်၊ 'ဆမားခံတပ်'ရှုပ်ရှုပ်ချုံ။

သွေးချင်းတို့မြေ
မျိုးချစ်တွေနှင့်၊ ဝေခဲ့သစ္စာ
ကြွေခဲ့အသည်း၊ လက်တွဲမဖြုတ်
နောက်မဆုတ်ခဲ့၊ တိုက်ထုတ်ကျော်ကျူး
စစ်ဘီလူးကို၊ တပ်ဦးစစ်မြား
တဖွားဖွားနှင့်၊ ခါးသီးပါဝင်
အောင်ပွဲဆင်ရာ၊ နှင်းပဝါနှင့်
ခါကာဘိုရာဇီ၊ သက်သေတည်ခဲ့။ ။

# လရာသီပန်း ရိုးရာပွဲ

အတာကူးတဲ့ 'တန်ခူး' ခါ
ပွင့်ကြ ပိတောက်ဝါ။
အတာရေစင် သွင်သွင်အေး
သက်ကြီးဝါကြီး ခေါင်းလျှော်ပေး။
စကားပန်းမွှေး လ 'ကဆုန်'
ညောင်ရေသွန်းပွဲ တီးကခုန်။
'နယုန်' ဝယ် စာပလွေခင်း
စံပယ်ရနံ့ တသင်းသင်း။
ပဥ္စင်းခံတဲ့ လ 'ဝါဆို'
မြတ်လေး, ပုန်းညက်ညို။
'ဝါခေါင်' ဆို ခတ္တာကဲ
စာရေးတံမဲပွဲ။
ရွှေယင်းမာလည်း လှပေတာ
လှေပြိုင်ပွဲက 'တော်သလင်း' မှာ။
ငါးမည်ရွှေကြာ ပွင့်ပေကြ
မြင်းမိုရ်မီးပွဲ 'သီတင်းကျွတ်' လ။
'တန်ဆောင်မုန်း' က ခဝဲဝါ
ကထိန်ပွဲနှင့် လှူသဒ္ဒါ။



'နတ်တော်' မှာ သဇင်မြ
နတ်ပူဇော်ပွဲ ရိုးရာကြွ။
ခွာညိုပန်းလှ 'ပြာသို' တွင်
မြင်းခင်းထွက်ဝင် အားမာန်ဆင်။
ပေါက်လဲယဉ်ယဉ် 'တပို့တွဲ'
ယာဂု ထမနဲပွဲ။
သရဖီလည်း ပွင့်လှိုင်ဝေ
သဲပုံစေတီ 'တပေါင်း' နွေ။
တပေါင်းလေရူး ပုရစ်ဖူး
ဥသြတွန်သံကျူး။
လွမ်းဖွယ်ခါနွေဦး။ ။

# အတိတ်အရိပ်

တစ်အိမ်တစ်ယောက်၊ ပေါက်တူးယူခဲ့
တောင်းယူခဲ့လေ၊ မြောင်းတွေလည်းဖော်
ကျောက်ကော်ချိုင့်ဖို့၊ လမ်းရှင်းစို့
လာဖို့ခေါ်ကြား၊ မသွားပေ။

သာရေးနာရေး၊ ရပ်ရေးအခင်း
သတင်းမေးကာ၊ ငွေကောက်ရာ၌
အိမ်မှာမအား၊ ဆင်ခြေများလျက်
လုပ်အားပေးရာ၊ မပါပေ။

ပညာအလင်း၊ ရစေခြင်းငှာ
စာကြည့်တိုက်သို့၊ လှိုက်လှဲပိုင်ပိုင်
လှူနိုင်ပါလျက်၊ ဘာစာအုပ်မျှ
ဝေမျှပေးကမ်း၊ မလှူဒါန်း။

ကိုယ်ရေးအတိတ်
ကိုယ့်အရိပ်နှင့်၊ စိတ်ဓာတ်ညှဲ့စွာ
လူ့ခွစာကား၊ နာသောအခါ
မမာသောအခါ၊ ဘာဆေးစားလေ
ဘယ်လိုနေသေး၊ ဘာလိုသေးဟု



မေးသူမရှိ၊ ကြည့်သူမပေါ်
မျှော်သူမလာ၊ နေစိမ့်မှာပေါ့
စာနာမှုပွား၊ ကူညီထားလျှင်
အလျားအနံ၊ အသွားအပြန်
တုံ့ပြန်ညီမျှ၊ လူ့ဘဝထဲ
သောကဇာတ်ရှုပ်၊ အလွမ်းရုပ်နှင့်
နှုတ်ဆက်လမ်းခွဲ၊ မျက်ရည်ဝဲကာ
ဝမ်းနည်းနောက်ချန်၊ အထီးကျန်သည့်
အိမ်ပြန်လူသားများစွာပင်။ ။

# လွတ်လပ်ပန်း
# ပွင့်လန်းထာဝစဉ်

ရာဇဝင်မရိုင်း၊ ကိုယ့်သမိုင်းနှင့်
ကိုယ့်တိုင်းကိုယ့်ပြည်၊ အခြေတံ့တံ့
အနေခံ့သည့်၊ ဂုဏ်လွှံ့ပိုင်စိုး
တို့လူမျိုး၏၊ အမျိုးသိက္ခာ
ထိပါးလာသော်၊ စဉ်လာဓွဲနှင့်
ရဲသဖြင့်လျှင်၊ တိုးမြှင့်စွမ်းဆောင်
တို့ပြည်ထောင်တွက်၊ အမှောင်ဖယ်တိမ်း
ရန်ခပ်သိမ်းနှင့်၊ သူစိမ်းမဝင်
စည်းရိုးပြင်လျက်၊ ကြိုတင်ကွယ်ကာ
စောင့်ရှောက်ပါမှ၊ ထည်ဝါခံ့ညား
အမျိုးသားပန်း၊ မညှိုးနွမ်းနိုင်
ပြည့်လျှမ်းဂုဏ်ဒြပ်၊ ကြီးမြတ်တန်ဖိုး
မြတ်နိုးပန်ဆင်၊ ချစ်ခင်အဝန်း
လွတ်လပ်ပန်းလျှင်
လန်းလန်းစွင့်စွင့်၊ ငွားငွားတင့်ဖို့
တို့တာဝန်ပင်ဖြစ်သည်တကား။ ။



# မွေးရပ်မြေသို့ သမင်လည်ပြန်
## (ဥညသံချိုဆင့်)

မွေးရပ်မြေလွမ်း၊ ပြန်ကာလှမ်း
ကမ်းနဖူးကွယ့် ကုန်စည်ကြွယ်
လမ်းဖြူးဖြူးနဲ့ သာယာတယ်။

မီးတိုင်လင်းပြီး၊ ရွာချင်းနီး
ကြံပြီးတစ်သက်၊ မပူပင်ဖွယ်
ခြံစည်းရိုးကြက်ဆူပင် သွယ်သွယ်။

ငရုတ် ဖရုံ ပန်း၊ ဆူးပုပ်လွှမ်း
တာငန်းဖွေးတဲ့ ပျို့ရွာကျယ်
ယာတန်းလေးနဲ့၊ မချို့သာတယ်။

ရေလောင်းအိမ်သာ၊ သန့်ရှင်းစွာ
ရောဂါအချိန်တိုင်း သတိဆဖွယ်
တောမှာ အိမ်တိုင်း ရှိကြတယ်။

စာကြည့်တိုက်မှာ၊ ဖတ်စရာ
ဖတ်ပါများပေါ့၊ အဆိုးပျက်ပြယ်
မှတ်ကာထားတော့ တိုးတက်တယ်။

လှည်းယာဉ်နှင့်သွား၊ ခြုံသံကြား
ဘုရားပွဲကို ပျော်စရာရယ်
တရားပွဲဆို ခေါ်ပါကွယ်။

ဥပုသ်သီလ၊ စောင့်တည်ကြ
ဒါနအလှူတွင် ဝင်ပါမယ်
စာဂဖြူစင် ခင်စရာကွယ်။

ရိုးသားကြကာ၊ ညီညွတ်စွာ
ပြည်ရွာကြူလှ ကျွန်းကိုင်းနှယ်
ညီညာကူမ ဝန်းဝိုင်းတယ်။ ။



# ကဗျာဆရာ

ကဗျာတစ်ပုဒ်၊ အလုပ်ရှုပ်ရင်း
ခေါင်းကုတ်ညဉ့်နက်၊ အိပ်ရေးပျက်လှ
သက်ပြင်းတချချ၊ ဘဝအမော
ကဗျာတောမှာ၊ ယုံကြည်စွာနှင့်
သေထိပင်တည့်၊ ပျော်ရွှင်တစ်ခု
ပူမှုအများ၊ နွမ်းပါးနေတာ
ဝန်ခံပါသည်၊ “ကဗျာဆက်ရေး
သူဌေးမဖြစ်၊ ခွေးဖြစ်”မတဲ့
ကဲ့ရဲ့လှောင်ပြောင်၊ ခပ်ကြောင်ကြောင်ဟု
ရှောင်ဖယ်လှည့်ထွက်၊ စိတ်မပျက်ပါ
ပေးဆက်ခွန်အား၊ ကဗျာများကြောင့်
လှုပ်ရှားသွားလာ၊ ပျော်စေပါ၏။

ငါပိုင်သရာ၊ ကဗျာပစ္စည်း
ဘယ်မီးမခ၊ ဘယ်လှိုင်းထလို့
ပိုးခြမတိုး၊ ဘယ်သူခိုးမျှ
ခိုးယူလုယက်၊ မသိဝှက်နိုင်
ရင်ထက်သိမ်းဆည်း၊ တန်ဖိုးကြီးသည့်
ဆီမီးတစ်မှုန်း၊ တစ်တို့ထုံးဖြင့်
နှလုံးအိမ်ဆင့်၊ ကဗျာပွင့်ကို
ပိုင်ခွင့်ရတာ၊ လူချမ်းသာဆို
ကဗျာဆရာ၊ ကျွန်ုပ်ပါပဲ။ ။

# လက်ကျန်ခရီး

ပန်းကိုတော့ ပန်ချင်
ပန်းပင်ကို မစိုက်။
လွယ်တကူ သူ့ခြံကျူးကာ
ပွင့်မာလာ ဝတ်ရည်လူးကို
ခူးဖို့မထိုက်။

သစ်သီးတော့ စားချင်
သစ်ပင်ကို မချစ်။
ပင်လုံး တလွင်လွင်နှင့်
အသီးရှင် ဝင်ငွေပွားခါမှ
မှားပါပြီ အဖြေချ
သုညစစ်စစ်။

လိပ်နှင့်ယုန်
ပုံပြင်အလား။
ရေသာခို အချောင်ကြိုက်လျှင်လ
ကိုယ့်ထိုက်နှင့် ကိုယ့်ကံ
ကိုယ်သာ ခံရမပေါ့
လက်ကျန် ခရီးမှာဖြင့်
ငြီးတွားစရာ မလိုဘု



ဆန္ဒကို ဖြည့်နိုင်စွမ်းတာက
ပင်ပန်းမှုဆိုသည့် ခွဲပါပဲ
နွဲ့ယှဉ်ကာ အပူမထား
တူသွားစို့လား။ ။

## ခဏာ ရနိုင်သလား

ငါတို့နိုင်ငံ
ဆန်ရေစပါး၊ များလည်းများ၏
များလည်းချွေတာ၊ စားသုံးပါလို့
ဆက်ကာ ဖွံ့ဖြိုးနေတော့သည်။

ငါတို့နိုင်ငံ
သယံဇာတ၊ ပေါကြွယ်ဝ၏
ချိန်ဆသုံးကာ၊ ကုန်ထုတ်ပါလို့
ဆက်ကာ တိုးတက်နေတော့သည်။

ငါတို့နိုင်ငံ
ဘေးဒဏ်ကင်းဝေး၊ မူးယစ်ဝေးလျက်
ဆက်သွယ်သွားလာ၊ ချောမွေ့ပါလို့
ဆက်ကာ စည်ကားနေတော့သည်။

ငါတို့နိုင်ငံ
ရန်ထောင်မအား၊ အမှားမလုပ်
စိတ်မပုပ်ပါ၊ စည်းလုံးပါလို့
ဆက်ကာ အေးချမ်းနေတော့သည်။

ငါတို့နိုင်ငံ
တောင်ယံမြင့်မောင်း၊ စေတီကျောင်းနှင့်



စိတ်ကောင်းစိတ်မြတ်၊ ကူညီတတ်၏
မပြတ်ကုသိုလ်၊ အလှူပိုလျက်
ကြည်ညိုဗုဒ္ဓ၊ အဆုံးမနှင့်
စာဂ ခိုင်ကျည်၊ မျိုးဂုဏ်ထည်သည့်
တို့ပြည်လိုလှ၊ တို့ဘဝလို
ခဏာ ဘယ်သူ ရနိုင်သလဲ။ ။

# လှတဲ့ပျော်ပွဲ
## (အဲချင်း)

ချင်းတွင်းရယ်မှ အဏ္ဏဝါ
နာဝါရွှေ့ရွှေ့၊ လွမ်းခလေ့နှင့်
မွှေ့မွှေ့ကယ်ထင်ထင်
ဆင်ဖြူရှင်တံတား၊ နေ့ချင်းသွားနိုင်ပြီး
ခရီးမကြာ၊ လမ်းပန်းသာသည်
ယနေ့အညာကိုတဲ့လေး။

တမာငယ်မှ မွှေးမွှေး
နွေးထွေး ပခုက္ကူ၊ နေပူပါစွ
ကုက္ကိုလှ မြစ်ရေတင်
သန့်စင်လုပ်အား၊ ဂျစ်ကားထုတ်လုပ်
အားထုတ်အတန်တန်
သရက္ခန်ဘုရား
ရှင်မတောင် မလွတ်သွား
ညွှတ်တွားဝပ်စင်း။

လယ်ကွင်းရယ်က အဖြာဖြာ
ချောင်းဦးမုံရွာ၊ ကားလမ်းသာခဲ့
အရာတော်မှ ပြည်ရွှေဘို



နေညိုပျိုးခင်း၊ ရေလျှံတွင်းမှာ
ရေပန်းဖွာသည်၊ လယ်ယာရှုခင်းမဆုံး
ပြည်လုံးသာခဲ့။

ဒေသခံပြည်သူ၊ အူမြူးမြူး
လေတဟူးဟူးနှင့်၊ မူးမြစ်ကိုမြင်
ကြင်ရလေသား၊ မြစ်ရေတင်အားကြောင့်
အပင်များရေဝ၊ လူလည်းရေရလို့
လှပျော်ပွဲဖွဲ့။ ။

# ဘဝအဓိပ္ပာယ်

အဓိပ္ပာယ် သုံးသပ်ခွဲ
နက်နဲလှ သည့်ပုစ္ဆာ။
ဘဝဆိုတာ ခယောင်းလမ်း
ဖြတ်သန်းစဉ်ခါ။
အခက်အခဲ ကြုံရမှာ
ဓမ္မတာ ဘုံဓလေ့။
လမ်းတစ်လျှောက် ပန်းမကောက်နိုင်လည်း
မငြီးမကြောက် ခရီးပေါက်အောင်တော့
လျှောက်ရမယ်လေ့။

လျှောက်ပေသည့် ခရီးလမ်း
စည်းကမ်းခံ့မင်။
အကြင်နာ မေတ္တာလွှမ်း
ချစ်စမ်းစေချင်။
စာနာ ခွင့်လွှတ်လျှင်
ဝန်းကျင်မှာ အကုန်လှ။
ရိုးသားစွာ သိက္ခာထိန်း
အေးငြိမ်းမယ်ပဲ့။ ။